# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၂၄)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၇-၁၀-၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ သို့ ✪





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## ဒေသဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဒေသခံများအနေဖြင့်လည်း ပိုမိုတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိဒေသမှ ထွက်ရှိသည့် အုန်းနှင့် အုန်းထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် ဒေသတွင် ထွက်ရှိသော သရက်၊ နာနတ်ကဲ့သို့သော သီးနှံများအား ရေရှည်ခံတန်ဖိုးမြင့် Value Added ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ယခင်ကတည်းကပင် မြို့လယ်လမ်းတစ်လျှောက် အုတ်တံတိုင်းများ ကာရံခြင်း၊ မြို့ပတ်ကတ္တရာလမ်းခင်းခြင်း၊ သင်္ဘောဆိပ်ခံတံတားတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းတိုးချဲ့ခြင်း၊ ရုပ်သံလိုင်းများရရှိအောင် ဆောင်ရွက်ခြင်း၊ အသားတိုးနွားမျိုး မွေးမြူမှုများ ဆောင်ရွက်ခြင်း၊ ဆက်သွယ်မှုအဆင်ပြေစေရေးအတွက် တယ်လီဖုန်းလိုင်းများ တပ်ဆင်ခြင်းတို့ကို နိုင်ငံတော်အကြီးအကဲမှ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းအတွက် အုန်းသီးအခြေခံ တန်ဖိုးမြင့်စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းများ၊ အိမ်တွင်းမှုသင်တန်းများနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် ကိုကိုးကျွန်းမြို့နေ ပြည်သူများ ဒေသဆန်ဖူလုံရေးအတွက် လယ်မြေကုန်းမြင့်လယ်မြေများ ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေရရှိရေးအတွက် လှိုဏ်ပိတ်ဆည်များ၊ ချောင်းပိတ်၊ မြောင်းပိတ်တမံ အသေးစားများ ဆောင်ရွက်ပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ကိုကိုးပင်များ၊ အုန်းမျိုးများနှင့် ဝါးပင်များ စိုက်ပျိုးနိုင်ရေးအတွက် မြေနေရာရွေးချယ်ဖော်ထုတ်ပြီး ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများဆောင်ရွက်ပေးရေး၊ သက်တမ်းရင့်အုန်းပင်များ အစားထိုးလဲလှယ် စိုက်ပျိုးရန်ဆောင်ရွက်ပေးရေး၊ ထို့ပြင် ကိုကိုးကျွန်းမြို့နေ ကျောင်းသားများ ပညာရေးနှင့်ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တန်းစဉ်ကူးပြောင်းရာတွင် အောင်ချက်မြင့်မားစေရေး ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်း၍ စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်း နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိမှုအခြေအနေနှင့် ဒေသတွင်းသောက်သုံးရေရရှိရေး၊ ဒေသခံပြည်သူများအတွက် ရာသီမရွေး ရေချိုဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံ တည်ဆောက်မည့်နေရာများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ကိုကိုးကျွန်းဒေသတွင် လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်နိုင်တစ်ပိုင် ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကိုကိုးကျွန်းမြို့နယ်အား ဒေသဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲ ကျင်းပ

**မတ္တရာ အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မတ္တရာမြို့နယ် ဦးစီးမှူးရုံးမှ "ပန်းခင်း" စီမံချက်အဆင့်(၃)ထပ်တိုးဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက မတ္တရာမြို့နယ် တောင်ပြုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မတ္တရာမြို့နယ် ဦးစီးမှူး ဦးအောင်ဇော်တင့်က နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်မြေသာစံခရိုင် ဦးစီးမှူး ဦးမောင်မောင်အေး၊ မတ္တရာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် မြို့နယ် ဦးစီးမှူးတို့က နိုင်ငံသားစိစစ်ရေးကတ် ၁၅၇ ကတ်ကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

အခမ်းအနား အပြီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မတ္တရာမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များကို ဆက်လက်ဆောင်ရွက်ပေးခဲ့ရာ ၇၅ ကတ်ကို နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ၂၃၂ ကတ် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

## အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၄)၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၆**

အလုပ်သင်ဗိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၄)၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကျဆုံးကွယ်လွန်သွားသော သူငယ်ချင်းများအား ရည်စူး၍ ကျန်ရစ်သူ သူငယ်ချင်းများ၏ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(မန္တလေး)တွင် ကျင်းပသည်။

ဦးစွာ အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၄)မှ တက်ရောက်လာသူများက "နမောတဿသုံးကြိမ်" ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကေသဝထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုခြင်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်းနှင့် ငွေပဒေသာပင်မှာ ယခုနှစ် လှူဒါန်းမှု ငွေကျပ် သိန်း ၂၀ အပါအဝင် စုစုပေါင်း သိန်း၈၀ကို ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးချစ်ထွန်းထံ လှူဒါန်းခဲ့ပြီး ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာ တရားနာယူကြည်ညိုခဲ့ကြကြောင်း သိရသည်။ (အပေါ်ဓါတ်ပုံ)

(မန္တလေးနေ့စဉ် ၆)

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**အောင်လံ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပသော အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သီရိအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-11 မှ မောင်ဇွဲဇာနည်နှင့် မနန်းအိကလျာဖြိုး၊ Grade-10 မှ မောင်ဝင်းအောင်ကျော်နှင့် မယွန်းစန္ဒီဆွေတို့က စာရေးဆရာနန္ဒရေးသားသော ငါ့ဓား ငါ့သွေး ငါ့ရောဝတီ စာအုပ်အား ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ထို့နောက် အခြေခံပညာ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများ၊ အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူလေးဦးနှင့် သီဆိုဖျော်ဖြေပေးကြသော ကျောင်းသား၊ ကျောင်းသူများအား ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့ သီချင်းဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ရှုခံစင်မြင့် လျှောင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✪ ရှေ့ဖုံးမှ

### မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ၈ လမ်းသွားလမ်း ဖောက်လုပ်နေမှု

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နေပြည်တော် မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ၈ လမ်းသွားလမ်း ဖောက်လုပ်နေမှု လုပ်ငန်းခွင်နေရာသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်အတွင်း မြန်မာ့ရိုးရာပွဲတော်များ၊ အခမ်းအနားများ ကျင်းပနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့သမိုင်းဝင် အထင်ကရပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများ၊ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အထိမ်းအမှတ်ရုပ်တုများကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးဒဏ်မှ ခံနိုင်ရည်ရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်မှု အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးရန် တာဝန်ရှိသူများအနေဖြင့်လည်း အဆင့်လိုက် စနစ်တကျဖြစ်စေရေး စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### နေပြည်တော်မြို့အဝင်မုခ်ဦး တည်ဆောက်ရန် လျာထားနေရာ

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ရာဇသင်္ဂဟလမ်းပေါ်ရှိ နေပြည်တော်မြို့ အဝင်မုခ်ဦးတည်ဆောက်ရန် လျာထားနေရာသို့ ရောက်ရှိကြပြီး မြို့အဝင်မုခ်ဦး တည်ဆောက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းမကြီးမှ နေပြည်တော်လေဆိပ်လမ်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် နေပြည်တော်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

☆ ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်အတွင်း မြန်မာ့ရိုးရာပွဲတော်များ၊ အခမ်းအနားများ ကျင်းပနိုင်ရေးဆောင်ရွက်

☆ မြန်မာ့သမိုင်းဝင် အထင်ကရပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများ၊ နိုင်ငံတော်နှင့် သက်ဆိုင်သည့် အထိမ်းအမှတ်ရုပ်တုများကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲဆောင်ရွက်

☆ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးဒဏ်မှ ခံနိုင်ရည်ရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးဆောင်ရွက်

### ဗိုလ်ရှုခံစင်မြင့်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗိုလ်ရှုခံစင်မြင့်နေရာသို့ ရောက်ရှိကြပြီး လျှောင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ရှုခံစင်မြင့်နှင့် စင်မြင့်မျက်နှာစာနေရာတို့အား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ဆန်းစစ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လျှောင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် လွှတ်တော်အဝင် အမှတ်(၁)တံတားနေရာသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လျှောင်ဘေးဒဏ်ကြောင့် တံတားထိခိုက်ပျက်စီးမှုနှင့်

စာမျက်နှာ ၄ သို့ ✪

✪ စာမျက်နှာ ၃ မှ

ရွေ့လျားမှုများဖြစ်ပေါ်ခဲ့ခြင်းအား ပြန်လည်ပြုပြင်ရာ၌ တံတားတစ်စင်းတွင် ခန်းဖွင့် ငါးခုပါဝင်ပြီး ခန်းဖွင့်တစ်ခုလျှင် အလေးချိန် တန် ၁၅၀၀ ခန့်ရှိသဖြင့် တံတားတစ်စင်းလုံး စုစုပေါင်းအလေးချိန် တန် ၇၅၀၀ ခန့်အား 3D Synchronise jack အသုံးပြုသည့် ခေတ်မီနည်းပညာဖြင့် ပင့်တင်၍ ပြုပြင်ခဲ့သည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များလမ်းညွှန်မှာကြားပြီး လွှတ်တော် အဝင်အမှတ်(၁)တံတားနှင့် မုခ်ဦးဆောင်ပြုပြင်ပြီးစီးမှု၊ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော် အဆောက်အအုံခန်းမအတွင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အဆောက်အအုံတို့ အပါအဝင် အခြားအထောက်အကူပြု အဆောက်အအုံများ၊ လမ်းတံတားများ၊ ခြံစည်းရိုးနှင့် မြေထိန်းနံရံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ဦးစားပေးအဆင့် သတ်မှတ်ချက်များအလိုက် ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုလွှတ်တော် အဆောက်အအုံပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြုပြင်မှုများဆောင်ရွက်ရာတွင် အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အမြင်အားဖြင့်ကောင်းမွန်ရုံမဟုတ်ဘဲ ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေးပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်မှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း စနစ်တကျဖြင့် မှတ်တမ်းထားရှိသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်း အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ပြည်ထောင်စုလွှတ်တော် အဆောက်အအုံပြုပြင်နေမှုကို တွေ့ရစဉ်။

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များ အနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ဥတုရာသီ တောကိုမှီ၏

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန် ၆၂ ရက် သာ လိုတော့သည်။**

### နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၈၃ /၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၁ ပါ "ငွေကျပ်သိန်း ၁၅ဝ" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၃ဝဝ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ငွေကျပ်သိန်း ၃ဝဝ" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၅ဝဝ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၈၄ /၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉ဝ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၈၅ /၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉ဝ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၈၆ /၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉ဝ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ်(cc)တွင် ခြွင်းချက်အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**"ခြွင်းချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါဝင်သော မဲဆန္ဒနယ်အတွင်းရှိမြို့နယ်များအတွက်ဖြစ်လျှင် ရွေးကောက် တင်မြှောက်ခံရသည့် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာမြို့နယ်၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစားပေး သတ်မှတ်ပေးရမည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ နည်းဥပဒေခွဲ(က) ပါ "သိန်းတစ်ရာ့ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ(ခ)ပါ "သိန်းသုံးရာ" ဆိုသည့်စကားရပ်ကို "သိန်းငါးရာ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်နေ့တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ် (၉)ထပ်ဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျန်းမာရေးဝန်ထမ်းများမှ သွေးလှူရှင်များအား ကျန်းမာရေးစစ်ဆေးပေးနေမှုနှင့် သွေးလှူဒါန်းနေကြသည့် ဝန်ထမ်းများအား နွေးထွေးစွာ နှုတ်ဆက်အားပေး၍ အာဟာရဖြည့်စွက်စာများ ပေးအပ်ပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မန္တလေး ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးထံသို့ လှူဒါန်းထားသော သွေးအိတ် ၇၅ အိတ် ကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**








## ပန်းခင်း စီမံချက် အဆင့်သုံး ထပ်တိုးဖြင့် နိုင်ငံသားကတ် ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး အောက်တိုဘာ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်း စီမံချက် အဆင့်သုံးထပ်တိုးဖြင့် နိုင်ငံသားကတ်ဆောင်ရွက်ခြင်း၊ UID ကောက်ယူခြင်း ကွင်းဆင်း ဆောင်ရွက်ပေးခြင်းကို ပုသိမ်ကြီးမြို့နယ်၊ နန္ဒာကျေးရွာအုပ်စု၊ နန္ဒာကျေးရွာ၊ ရန်ကုန်ဘုန်းတော်ကြီးကျောင်း မယ်ရွှဲဓမ္မာရုံ၌ လဝကမှူး ဦးမျိုးဝင်းကြိုင်နှင့် အဖွဲ့က အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဓမ္မာရုံသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်မြေသာစံခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ ခရိုင်ပညာရေးမှူး ဦးသောင်းဒန်၊ ပုသိမ်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပုသိမ်ကြီးမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်မင်းထွန်းတို့က လာရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူ မကျန်ရှိစေရေးအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



## အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက AML/CFT နှင့် အိမ်ခြံမြေအသိပညာပေးသင်တန်း ဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အိမ်ခြံမြေ ကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (RPADAMR)က အသင်းသား၊ အသင်းသူများအား AML/CFT နှင့် အိမ်ခြံမြေအသိပညာပေး သင်တန်းကို ယနေ့နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ၅၃လမ်းနှင့် ၃၂ လမ်းထောင့်ရှိ Ceremon Grand Ballroom ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ သင်တန်းတွင် အထူးစုံစမ်းစစ်ဆေးရေးဌာန၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပိုင်းဆိုင်ရာများကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူက လယ်ယာမြေဥပဒေများကို လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူက မြို့ပြမြေယာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း သင်တန်းပို့ချခဲ့ကြသည်။

ဆက်လက်၍ အသင်းနာယက ဦးတင်မောင်က အိမ်ခြံမြေအသင်းအဖွဲ့ဆိုင်ရာသိကောင်းစရာများကို တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများအား ပညာရပ်ဆိုင်ရာ သိကောင်းစရာများကို ပြောကြားခဲ့သည်။ **(အောက်ပုံ)**

သင်တန်းများကို ပို့ချပြီးနောက် သင်တန်းဆင်းပွဲအခမ်းအနားကို တစ်ဆက်တည်းကျင်းပခဲ့ပြီး သင်တန်းတွင် တက်ရောက်ခဲ့သော သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀



**အသက်သည် သွေး၊ သွေးသည် အသက် ။**

# နိဗ္ဗာန်ရည်မှန်း လှူဒါန်းသည့် ကထိန်သင်္ကန်း



၂၀၂၅ ခုနှစ် (၁၈)ကြိမ်မြောက် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး) နယ်စပ်တောင်တန်း မဟာဘုံကထိန်တော်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

တန်ဆောင်မုန်းလဟာ မိုးလည်း မမည်၊ ဆောင်းလည်း မပီသေးတဲ့အချိန်ဖြစ်လို့ မိုးရဲ့အကြွင်း အကျန်နဲ့အတူ ဆောင်းရဲ့ အဦးအစကိုလည်း တွေ့ရလို့ ရာသီဥတုသာယာတဲ့လ ဖြစ်ပါတယ်။ တန်ဆောင်မုန်းလဟာ ရာသီအားဖြင့် ပြိဿရာသီ၊ နက္ခတ်အားဖြင့် ကြတ္တိကာနက္ခတ်နဲ့ စန်းယှဉ်ပြည့်ကာ ကျီးတာရာထွန်းလင်းပါတယ်။ ရာသီရဲ့ပုံဟာ ကင်းမလက်မည်းပုံဖြစ်ပြီး ခဝဲပန်းများ လှိုင်လှိုင်ဖူးပွင့်တဲ့ရာသီဖြစ်လို့ ခဝဲပန်းရနံ့များ သင်းပျံ့ကြိုင်လှိုင်တဲ့လလည်း ဖြစ်ပါတယ်။

ကထိန်သင်္ကန်းလှူဒါန်းရတဲ့ဖြစ်စဉ်ကို လေ့လာကြည့်ပါက ဘဒ္ဒကမ္ဘာမတိုင်မီ ပဒုမုတ္တရဘုရားရှင်လက်ထက်မှ စတင်ခဲ့တယ်လို့ မှတ်သားရပါတယ်။ ဘဒ္ဒကမ္ဘာမှာ လေးဆူမြောက် ပွင့်တော်မူတဲ့ ဂေါတမဘုရားရှင်ဟာ တစ်ဝါအရမှာ သီတင်းသုံးရာမှ ဥရုဝေလတောသို့ တစ်ပါးတည်း ဒေသစာရီကြွတော်မူပါတယ်။ အဲ့ဒီအချိန်မှာ ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့ဟာ ဥရုဝေလတောအုပ်တစ်ခုမှာ ပျော်ပါးနေစဉ် အမျိုးသမီးတစ်ဦးက မင်းသားတွေရဲ့ အဖိုးတန်ပစ္စည်းတွေကို ခိုးယူထွက်ပြေးလို့ လိုက်လံရှာဖွေရင်း သစ်တစ်ပင်ရင်းမှာ သီတင်းသုံးနေတဲ့ ဗုဒ္ဓဘုရားရှင်ကို ဖူးမြော်ကြရပါတယ်။

ဗုဒ္ဓရဲ့တရားတော်များကို နာကြားရတဲ့မင်းသားအားလုံး တရားထူးရကာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များဖြစ်ကြပြီး ဧဟိဘိက္ခုရဟန်းဘဝသို့ ရောက်ရှိကြပါတယ်။ ရဟန်းများဟာ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့ ဘုရားရှင်ကိုဖူးမြော်ဖို့ ပါဝါမြို့ကထွက်ခွာလာခဲ့ရာ ခြောက်ယူဇနာကွာဝေးတဲ့ သာကေတမြို့မှာ ဝါဆိုဝါကပ်ပြုကြရပါတယ်။ ဝါကျွတ်လို့ ဘုရားရှိရာ ဇေတဝန်ကျောင်းတော်ကို သွားတဲ့အခါ လမ်းခရီးမှာ ဝတ်ရုံလာတဲ့ သင်္ကန်းအားလုံး မိုးရေတွေစို၊ ရွှံ့ဗွက်တွေပေကျံကာ ဒူးဆစ်အထိ နစ်မြုပ်နေလို့ နွံမှ ရုန်းထွက်လာကြတဲ့ ရဟန်းတွေကို ဘုရားရှင်မြင်တော်မူတဲ့အခါ ရဟန်းများအပေါ် ကြင်နာကရုဏာသက်ဝင်ပြီး ရဟန်းတော်များအတွက် တိစီဝရိတ် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းနဲ့ ကင်းကွာနေနိုင်ခြင်းဆိုတဲ့ အာနိသင်တစ်ပါးပါးက ကထိန်အာနိသင် ငါးပါးမှာ ထည့်သွင်းလိုက်ပြီး ပုရိမဝါကျွတ်ကြသည့် ရဟန်းများကိုသာ ကထိန်ခင်းခွင့်ပြုတော်မူခဲ့ပါတယ်။

အဲ့ဒီအချိန်ကစပြီး ကထိန်စတင်ပေါ်ပေါက်ခဲ့ရာ ယနေ့တိုင် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲများကို ကျင်းပလျက်ရှိပါတယ်။ ကထိန်သင်္ကန်းအလှူဟာ ထူးခြားမွန်မြတ်တဲ့ အလှူဖြစ်ပါတယ်။ တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ကြိမ်သာ အချိန်အခါနဲ့ လှူဒါန်းရတဲ့ ကာလဒါနမျိုးဖြစ်ပါတယ်။ ထူးခြားတဲ့ ဝိနည်းကံနှင့် လှူရတဲ့ ဒါနမျိုးဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်း ကထိန်ရာသီကာလဖြစ်ပါတယ်။

ကထိန်အာနိသင်ဟာ ကထိန်ခင်းတဲ့ကျောင်းတိုက်အတွင်း မြဲမြံတည်တံ့သောကြောင့် ၄င်းသစ်ပင်များ စည်ကားကြီးပွားသလို ခိုင်မာစည်ပင်တိုးပွားစေတဲ့ အလှူဖြစ်လို့ ဘုရားရှင်များက ချီးမွမ်းကြသောကြောင့် ၄င်း"ကထိန်"လို့ ခေါ်ကြောင်း မှတ်သားရပါတယ်။

ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးအတွက် မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဌာနပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခရဲ့ ဩဝါဒနဲ့ ဖွဲ့စည်းထားတဲ့ "နယ်စပ်တောင်တန်းနဲ့ ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းဟာ ဘာသာစကား၊ သွားလာဆက်သွယ်နေထိုင်ရေး၊ ရာသီဥတု အခက်အခဲတွေကြားမှာ အသက်ကို ပဓာနမထားဘဲ သာသနာပြုနေကြတဲ့ ရဟန်းများကို ကထိန်အာနိသင်ရအောင် ကထိန်ခင်းလှူဒါန်းခဲ့တာ ယခုနှစ်ဆိုရင် (၁၈)ကြိမ်မြောက်ရှိပြီ ဖြစ်ပါတယ်။ အသင်းအနေနဲ့ ၁၉-၁၁-၂၀၀၈ မှ ၂၆-၁၁-၂၀၀၈ အထိ သာသနာပြုခရီးသည် ၂၂၀ ဦး လိုက်ပါပြီး ချင်းပြည်နယ်၊ ဟားခါးမြို့၊ ချုံကျုံးကျေးရွာမှာ ရှမ်း၊ ချင်း၊ ကရင်၊ ကယား၊ ကချင်၊ ရခိုင်၊ မွန်၊ နာဂ စတဲ့ဒေသတွေမှာရှိတဲ့ ကျောင်းပေါင်း ၁၀၁၀ အတွက် ငွေကျပ်သိန်း ၁၅၀ ဖိုး ကထိန်ခင်းခဲ့ပါတယ်။ ချင်းပြည်နယ်မြောက်ပိုင်းရှိ မိသားစုများအတွက် လူမျိုးဘာသာမရွေး တစ်အိမ်ထောင်လျှင် ဆား ၅၀ ကျပ်သားနှုန်းနဲ့ ဆားပိဿာ တစ်သောင်း လှူဒါန်းခဲ့ပါတယ်။ ယခုနှစ် ၂၀၂၅ (၁၈)ကြိမ်မြောက် ဘုံကထိန်တော်မှာ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသရှိ သာသနာပြုကျောင်း ၁၅၈၃ ကျောင်းအတွက် လှူဒါန်းမှာဖြစ်လို့ ပထမအကြိမ်ထက် ကျောင်း ၅၇၃ ကျောင်း တိုးလာပါတယ်။

(၁၈)ကြိမ်မြောက် ဘုံကထိန်ဖြစ်မြောက်ရေးအတွက် အသင်းဝင်များ အသင်းခွဲ အသင်းထောက်မှ တာဝန်ရှိသူများရဲ့ အစည်းအဝေးကို ၆-၉-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီမှာ အသင်းချုပ်ရုံးမှာ ပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးမှာ ဥက္ကဋ္ဌ ဦးလှဝင်းက (၁၇)ကြိမ်မြောက် ဘုံကထိန်နဲ့ပတ်သက်ပြီး အားသာ၊ အားနည်းချက်များကို တင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးအကြံပေးကြပါတယ်။ (၁၈)ကြိမ်မြောက် ဘုံကထိန်ဖြစ်မြောက်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးပါတယ်။ ဩဝါဒါစရိယ(နာယက)ဆရာတော်ကြီးများဖြစ်တဲ့ ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)နဲ့ ဘဒ္ဒန္တနေမိန္ဒ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)တို့ရဲ့ ဩဝါဒကိုခံယူကာ ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီ၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့၊ အလှူခံလုပ်ငန်းအဖွဲ့၊ ပဒေသာပင်အလှူငွေလက်ခံခြင်းနှင့် မှတ်တမ်းတင်အဖွဲ့၊ ကထိန်ပစ္စည်း၊ ပဒေသာပင်များ ပြင်ဆင်တပ်ဆင်ရေးအဖွဲ့၊ ရေစက်ချအခမ်းအနားနှင့် ဘုန်းကြီးပင့်ဆောင်ရေးအဖွဲ့၊ ကထိန်တော် ဥတ်မကြီးပြင်ဆင်ရေးအဖွဲ့၊ ဖျော်ဖြေရေးအဖွဲ့၊ မီးထွန်းညှိရေးအဖွဲ့၊ သတင်းမှတ်တမ်းနှင့်ပြန်ကြားရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ ကထိန်ပစ္စည်းသိမ်းဆည်းပို့ဆောင်ရေးအဖွဲ့ စသည်ဖြင့် လုပ်ငန်းအလိုက် အဖွဲ့အသီးသီးကို ဖွဲ့စည်းပြီး စနစ်တကျ တာဝန်များ ပေးအပ်ခဲ့ပါတယ်။

(၁၈)ကြိမ်မြောက် ဘုံကထိန်တော်ကို မန္တလေးမြို့ တောင်စလင်းတိုက်သစ် အသင်းချုပ်ရုံးမှာ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ၊ ၆-၁၀-၂၀၂၅ ရက်မှ ၄-၁၁-၂၀၂၅ ရက်အထိ အလှူခံကာလသတ်မှတ်ပြီး တစ်ဦးချင်း၊ အသင်းအဖွဲ့၊ အသင်းခွဲ၊ အသင်းထောက်တို့မှ ပေးပို့လှူဒါန်းကြမည့် ကထိန်ပစ္စည်းများကို စနစ်တကျ ခင်းကျင်းထားမှာ ဖြစ်ပါတယ်။

သီတင်းကျွတ်လပြည့်နေ့၊ ၆-၁၀-၂၀၂၅ ရက် နံနက် ၇ နာရီက အလှူခံမဏ္ဍပ်ဖွင့်ပွဲကို ကျင်းပခဲ့ပြီး ပဒေသာပင် တစ်ပင်လျှင် ငွေကျပ်တစ်သိန်းတစ်သောင်းနှုန်းနှင့် လှူဒါန်းလိုသလောက် လှူဒါန်းနိုင်အောင် အသင်းမှာသီးထားတဲ့ ပဒေသာပင်များမှာ အလှူရှင်ရဲ့ အမည်ကို ကမ္ပည်းထိုးပြသထားမှာ ဖြစ်ပါတယ်။ ပဒေသာပင်တစ်ပင်မှာ သင်္ကန်းဒွိစုံ တစ်စုံ ငွေကျပ် ၄၀၀၀၀၊ သိုးမွေးဆွယ်တာ ငွေကျပ် ၁၃၀၀၀၊ ကော်ဇော ငွေကျပ် ၁၁၀၀၀၊ စောင်လေးထည် ငွေကျပ် ၃၂၀၀၀၊ ဆပ်ပြာမှုန့် ၁၀ ထုပ် ငွေကျပ် ၃၀၀၀၊ အမွှေးဆပ်ပြာခဲ ငွေကျပ် ၁၀၀၀၊ ဗလာစာအုပ် နှစ်ဒါဇင် ငွေကျပ် ၁၀၀၀၀ တို့ ပါဝင်မှာဖြစ်ပါတယ်။ ကထိန်အောင်ပွဲနဲ့ ရေစက်ချပွဲကို ရှမ်းပြည်နယ် တောင်ပိုင်း ဖယ်ခုံဗဟိုသာသနာပြုကျောင်းမှာ ဧပြီလအတွင်း ကျင်းပမှာဖြစ်လို့ ဧပြီလအထိ လှူဒါန်းနိုင်ပါတယ်။

လှူဒါန်းလိုပါက မန္တလေးမြို့၊ ၆၂လမ်း၊ ၃၂ လမ်းနှင့် ၃၃လမ်းကြား၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာနကျောင်းဝင်းအတွင်းရှိ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ ပိတ်ရက်မရှိ ဖုန်း ၀၂-၄၀၆၈၃၀၅၊ ၀၉-၄၀၂၆၉၂၅၂၊ ၀၉-၆၆၀၈၅၀ ၃၉၉ တို့သို့ ၂၄ နာရီ ဆက်သွယ်လှူဒါန်းနိုင်သလို အိမ်တိုင်ရာရောက်လည်း အလှူခံပေးပါတယ်။

ကထိန်ရေစက်ချသာသနာပြုခရီးစဉ်ကို ဧပြီကျောင်းပိတ်ရက်အတွင်း သွားရန်လျာထားပြီး လွိုင်ကော်၊ ဖယ်ခုံ၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ အင်းလေး၊ ပင်းတယသို့ သွားရောက်ပြီး ရှင် ၁၀၀ (၁၆)ကြိမ်မြောက် စုပေါင်းရဟန်းခံပွဲပြုလုပ်ရာ မေတ္တာသုခသာသနာပရဟိတကျောင်း၊ မုံတာဝလမ်း၊ တောင်ကြီးသို့လည်း ရောက်ရှိမှာဖြစ်ပါတယ်။ ရဟန်းခံရှင်ပြုပွဲအတွက် ရှင်တစ်ပါးလျှင် ငွေကျပ် ငါးသောင်း လှူဒါန်းခြင်းဖြင့် ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမအဖြစ် သာသနာ့အမွေ ခံယူနိုင်ပါတယ်။

အမြတ်ဆုံးအလှူဖြစ်တဲ့ "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ ဆွမ်းမှာ ပိဏ်၊ သင်္ကန်းမှာ ကထိန်"လှူရခြင်းအကျိုးဟာ လှူသူရော၊ အလှူခံရသူပါ နှစ်ဦးနှစ်ဝ အကျိုးများတဲ့ အလှူကြီးဖြစ်ပါတယ်။ ကထိန်ခင်းခြင်းကြောင့် သံဃာတော်များမှာ (၁) မပန်မကြား လိုရာသွား ပြစ်များမသင့်ပြီ။ (၂) သုံးထည်ထဲမှာ ထားလိုရာထားကာ သွားနိုင်သည်။ (၃) လေးပါးဂိုဏ်း ဘောဇဉ် စားချင်စားနိုင်သည်။ (၄) သင်္ကန်းများစွာ ငါးလတာ သိမ်းကာထားနိုင်သည်။ (၅) သံဃာ့လှူငြား သင်္ကန်းများ သူ့အားသာဖြစ်သည် ဆိုတဲ့ အကျိုးငါးပါးကို ရနိုင်ပါတယ်။

ကထိန်သင်္ကန်းလှူတဲ့ပုဂ္ဂိုလ်တွေမှာ (၁)ခရီးလမ်းမှာ ဘေးကင်းစွာ လျှင်စွာသွားနိုင်သည်။ (၂) ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ခန္ဓာ ငါးဖြာရန်ကင်းသည်။ (၃) အစားအစာ စားသောက်ရာ မှန်စွာ ဘေးကင်းသည်။ (၄) ပစ္စည်းများစွာ ကိုယ်တိုင်သာ ပိုင်စွာ သုံးရသည်။ (၅) လောကီနေ ပေါပြည့်လျှံ နိဗ္ဗာန် ရောက်နိုင်သည်။ ကထိန်အကျိုး ကျမ်းဆိုရိုး၊ ငါးမျိုးရှိလေသည် ဆိုတဲ့အတိုင်း အကျိုးထူးငါးပါးကို ရရှိမှာဖြစ်ပါတယ်။ ကထိန်မရတဲ့ စစ်ကိုင်းတောင်ရိုးက ကျောင်းများအတွက်လည်း မိုးပေါ်ကျကထိန်ကို ငွေကျပ် ၅၀၀၀၀နှုန်းနဲ့ လှူဒါန်းနိုင်ပါတယ်။

ဘာသာဝင်တိုင်းက နိုးကြားတက်ကြွစွာ ကိုယ်စီတာဝန်သိစိတ်နဲ့ ကိုယ့်ဘာသာ၊ သာသနာ တိုးတက်ပြန့်ပွားရေးကို လုပ်သင့်ကြပါတယ်။ မိမိမှာတာဝန်မရှိ၊ မိမိဘာမှ မလုပ်နိုင်လို့ထင်နေပြီး အိပ်မောကျနေရင် ဘာသာ သာသနာ တိုးတက်ထွန်းကားရေးဟာ အခြားဘာသာတွေထက် နောက်ကျကျန်ခဲ့မှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်မရှိတဲ့ ဒေသတွေမှာ ဗုဒ္ဓဘာသာဝင်တွေ ရှိလာအောင်၊ ဗုဒ္ဓဘာသာဝင်ရှိပြီးဖြစ်ရင်လည်း ဗုဒ္ဓဘာသာဝင် တိုးပွားအောင်ဆောင်ရွက်သင့်ကြပါတယ်။ အစားအသောက်၊ အနေအထိုင်ဆင်းရဲတဲ့အပြင် နေစရာမရှိလို့ ကိုယ့်ဝါးကိုယ်ခုတ်၊ ကိုယ့်ကျောင်းကိုယ်ဆောက်နေရတဲ့ ရဟန်းတွေ၊ ဗုဒ္ဓဘာသာဝင်မရှိလို့ ဆွမ်းချက်ကပ်မယ့်လူမရှိလို့ ဘူး၊ ဖရုံ၊ ခဝဲ၊ ခရမ်း၊ ဂေါ်ရခါးပင်စိုက်ပြီး ပြောင်းဆန်နဲ့ ပြုတ်စားနေရတဲ့ ရဟန်းတွေ၊ ဘာသာစကား နားမလည်လို့ ဆက်ဆံရေးမှာ အဆင်မပြေတဲ့ ရဟန်းတွေ၊ ရာသီဥတု မတူလို့ ရောဂါတွေဖြစ်ပြီး ဆန်ပြုတ်ကလေးမှ ကပ်သူမရှိတဲ့ ရဟန်းတွေ၊ နေမကောင်း ထိုင်မသာရှိရင် ဆေးခန်း၊ ဆေးရုံကို အချိန်မီမရောက်ဘဲ စောင်ပုခက်နဲ့သယ်ရင်း တစ်တောင်ဆင်း တစ်တောင်တက်ရင်း လမ်းခရီးမှာ ပျံလွန်တော်မူတဲ့ ရဟန်းတွေ၊ ဆက်သွယ်နိုင်တဲ့ဖုန်း၊ ကြေးနန်းမလွယ်လို့ ဒုက္ခရောက်နေကြတဲ့ ရဟန်းတွေ ဒုနဲ့ဒေးပါပဲ။

ဒါကြောင့် အသင်းချုပ်အနေနဲ့ သွားလာရန်ခက်ခဲတဲ့ ဒေသတွေမှာ သာသနာပြုနေကြတဲ့ ရဟန်းတွေ၊ ဒေသခံပြည်သူတွေအတွက် ကား၊ ဆိုင်ကယ်၊ စက်လှေ၊ လမ်းဖောက်စက်တွေကို လှူဒါန်းနေပါတယ်။ ဒီလို သက်စွန့်ဆံဖျား သာသနာပြုနေကြတဲ့ ရဟန်းတွေအတွက် ကထိန်ရဖို့ အလွန်ခက်ခဲပါတယ်။ ဒီအခက်အခဲတွေကို ကိုယ်တိုင်သွားရောက်ကြည့်ရှုခံစားရတဲ့ ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခက နယ်စွန်နယ်ဖျား သွားလာရန်ခက်ခဲတဲ့ ဒေသတွေမှာ သာသနာပြုနေကြတဲ့ ရဟန်းများအတွက် ကထိန်အာနိသင်ရစေရန် ကထိန်ခင်းပေးဖို့ ဩဝါဒပေးပါတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ်ကစပြီး ၂၀၂၅ ခုနှစ်အထိ (၁၈)ကြိမ်မြောက် ကထိန်ခင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ကိုဗစ်ကာလမှာပင် မဖြစ်မနေ ကထိန်ခင်းပေးနိုင်ခဲ့ပါတယ်။ အသင်းအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တစ်နှစ်တစ်ကြိမ် အလှည့်ကျ ကထိန်ခင်းပေးပါတယ်။

မြို့ကြီးပြကြီးတွေမှာ သင်္ကန်းတွေအလျှံပယ်ပေါပေမယ့် တောင်ပေါ်ဒေသတွေမှာ သင်္ကန်းသုံးစုံထက်ပိုရှိတဲ့ ဘုန်းကြီးရှားနေပါပြီ။ ဒါကြောင့် ရေများရာ မိုးမရွာဘဲ ရေနည်းရာဒေသတွေမှာ ဒါနအလှူမိုးကြီး သဲသဲမဲမဲရွာပါစေတော့လို့ ဆုတောင်းဆန္ဒပြုမိပါတယ်။

**အေးအေးခိုင်**
(ပညာရေး)

# ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တက်ရောက်

ကွာလာလမ်ပူ အောက်တိုဘာ ၂၆

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

သမ္မတ ထရမ့်က အာဆီယံခေါင်းဆောင်များ၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပနေသည့် မလေးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည်။

မလေးရှားနိုင်ငံသည် ထရမ့်၏ အာရှခရီးစဉ်၏ ပထမဆုံး လာရောက်သည့်နိုင်ငံဖြစ်ပြီး ဂျပန်နှင့် တောင်ကိုရီးယားသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ၎င်း၏ ပါဝင်ဆောင်ရွက်မှုသည် နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေး အမှန်တကယ်ဖြစ်လာစေရန် ပိုမိုလေးနက်ရာ ရောက်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ထို့ပြင် ငြိမ်းချမ်းရေးသဘောတူညီချက်ကြောင့် ပြည်သူသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့ကြောင်း ထရမ့်က ပြောကြားခဲ့သည်။ နှစ်နိုင်ငံ ပဋိပက္ခကို ပြေလည်အောင် မဖြေရှင်းမချင်း အမေရိကန်၏ ကုန်သွယ်ရေးသဘောတူညီချက်ကို မပြုလုပ်နိုင်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ ယင်းသို့ပြောကြားပြီးနောက် နှစ်နိုင်ငံစလုံးက ကနဦး အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့ကြသည်။

၎င်း၏ခရီးစဉ်မတိုင်မီ ပိုမိုကျယ်ပြန့်သော အပစ်အခတ်ရပ်စဲရေးစာချုပ်နှင့် ငြိမ်းချမ်းရေး အခမ်းအနားကျင်းပရန် သမ္မတ ဒေါ်နယ်ထရမ့်က တောင်းဆိုခဲ့သည်။

ယခုသဘောတူညီချက်တွင် လက်နက်ကြီးများ ဆုတ်ခွာရေးနှင့် နယ်စပ်တစ်လျှောက် မိုင်းများဖယ်ရှားရေးတို့ ပါဝင်သည်။ အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံ လေ့လာသူအဖွဲ့ကိုလည်း ထူထောင်ရန် ပြဋ္ဌာန်းထားသည်။




အခမ်းအနားတွင် ခေါင်းဆောင်နှစ်ဦးစလုံးက သမ္မတ ထရမ့်၏ ပံ့ပိုးကူညီမှုအတွက် ချီးကျူးခဲ့ကြသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ဒေါ်နယ်ထရမ့်ကို ငြိမ်းချမ်းရေး နိုဘယ်ဆုအတွက် အမည်စာရင်း တင်သွင်းထားကြောင်း ပြောကြားခဲ့သည်။

သမ္မတ ထရမ့်က အောက်တိုဘာ ၂၇ ရက်မှစပြီး ဂျပန်နိုင်ငံသို့ သုံးရက်ကြာသွားရောက်မည်ဖြစ်သည်။

ကေရာဇ် နာရူဟီတိုနှင့် တွေ့ဆုံပြီး ဂျပန်ဝန်ကြီးချုပ်သစ် တာကိုင်ချီဆာနေးနှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရန် စီစဉ်ထားသည်။ ထို့နောက် အောက်တိုဘာ ၂၉ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး သမ္မတ လီဂျေမြောင်နှင့် တွေ့ဆုံမည်ဖြစ်သည်။ အောက်တိုဘာ ၃၀ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အိန္ဒိယနှင့် တရုတ် ကုန်သွယ်ရေးနှင့် ဆက်ဆံရေးကောင်းမွန် နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်စတင်

ပေကျင်း အောက်တိုဘာ ၂၆

အာရှတိုက်မှ စီးပွားရေး အင်အားကြီးနိုင်ငံနှစ်ခုဖြစ်သည့် အိန္ဒိယနှင့် တရုတ်တို့သည် ဆက်ဆံရေးပြန်လည် တည်ဆောက်နေချိန်တွင် ကုန်သွယ်ရေးနှင့် ဆက်ဆံရေးကောင်းမွန်မှုသဘောဆောင်သည့် ခြေလှမ်းအဖြစ် အရေးပါသော ငါးနှစ်ကြာ ဆိုင်းငံ့ထားခဲ့သည့် တိုက်ရိုက်လေကြောင်းခရီးစဉ်များကို အောက်တိုဘာ ၂၆ ရက်တွင် ပြန်လည် စတင်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။




ထိုသို့လေကြောင်းခရီးစဉ်များ ပြန်လည်စတင်ခြင်းသည် ''ပြည်သူ-ပြည်သူချင်း ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ပေးမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက် ဖလှယ်မှုများ တဖြည်းဖြည်း ပုံမှန်ဖြစ်လာစေရန် အထောက်အကူပြုမည်''ဟု အိန္ဒိယအစိုးရက ထုတ်ပြန်ကြေညာသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ၅၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုသတ်မှတ်ရန် အမိန့်ပေးခဲ့ပြီးနောက် အိန္ဒိယ၏ အဓိကကုန်သွယ်ဖက်ဖြစ်သော အမေရိကန်နှင့် ဆက်ဆံရေး ရန်းကန်နေရချိန်တွင် တရုတ်နိုင်ငံနှင့် နွေးထွေးသော ဆက်ဆံရေးများ ရရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

## တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ကက်သရင်းကွန်နိုလီ အိုင်ယာလန်သမ္မတရွေးကောက်ပွဲတွင် ယမန်နေ့က အနိုင်ရရှိ

ဒဗ္ဗလင် အောက်တိုဘာ ၂၆

လက်ဝဲယိမ်း တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ကက်သရင်းကွန်နိုလီသည် ၎င်း၏ အလယ်အလတ်-လက်ယာယိမ်း ပြိုင်ဘက်ကို အနိုင်ယူကာ မဲဆန္ဒ၏ ၆၃ ရာခိုင်နှုန်းကို ရယူပြီး အိုင်ယာလန် သမ္မတရွေးကောက်ပွဲတွင် ယမန်နေ့က အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အသက် ၆၈ နှစ်ရှိ ကွန်နိုလီသည် ယမန်နေ့ညနေပိုင်းတွင် မဲဆန္ဒနယ် ၄၃ ခုလုံး မဲရေတွက်မှု ပြီးစီးခဲ့ပြီးနောက် သောကြာနေ့က မဲပေးခဲ့သည့် ရွေးကောက်ပွဲ၏ အနိုင်ရရှိသူအဖြစ် တရားဝင်ကြေညာခံခဲ့ရသည်။

''အားလုံးကို တန်ဖိုးထားတဲ့ သမ္မတနိုင်ငံသစ်ကို ကျွန်မတို့ အတူတကွ ပုံဖော်နိုင်ပါတယ်''ဟု ကွန်နိုလီက ထုတ်ဖော်ပြောကြားသည်။

၎င်း၏ ပြိုင်ဘက်ဖြစ်သူ အသက် ၆၄ နှစ်ရှိ ဟက်သာ ဟမ်းဖရီစ်သည် တရားဝင်ရလဒ် မထွက်ပေါ်မီ နာရီအနည်းငယ်အလိုတွင် ရှုံးနိမ့်မှုကို အသိအမှတ်ပြုခဲ့သည်။

''ကက်သရင်းဟာ ကျွန်မတို့အားလုံးအတွက် သမ္မတဖြစ်လာပါလိမ့်မယ်၊ သူဟာ ကျွန်မရဲ့ သမ္မတလည်း ဖြစ်လာပါလိမ့်မယ်၊ သူ့ကို အကောင်းဆုံးဖြစ်ပါစေလို့ အမှန်တကယ် ဆုမွန်ကောင်း တောင်းပေးလိုပါတယ်''ဟု မဲဆန္ဒ၏ ၂၉ ဒသမ ၅ ရာခိုင်နှုန်းကို ရရှိခဲ့သည့် ဟမ်းဖရီစ်က ထိုနေ့အစောပိုင်းတွင် ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## မြောက်ပိုင်းကာရစ်ဘီယံဘက်မှ ရွေ့လျားခဲ့သည့် ဟာရီကိန်း မယ်လစ်ဆာ အဆင့် သုံး အင်အားပြင်းမုန်တိုင်းကြီးအဖြစ် လျင်မြန်စွာ အားကောင်းလာ

ကင်းစတန် အောက်တိုဘာ ၂၆

ဟာရီကိန်းမုန်တိုင်း မယ်လစ်ဆာသည် မြောက်ပိုင်းကာရစ်ဘီယံတွင် မိုးသည်းထန်စွာ ရွာသွန်းစေခဲ့ပြီး ဂျမေကာနှင့် ဟေတီနိုင်ငံတောင်ပိုင်းတို့တွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းဘေးအန္တရာယ်များကို ခြိမ်းခြောက်ခဲ့ခြင်းနှင့်အမျှ အဆင့်သုံး အင်အားပြင်းမုန်တိုင်းကြီးအဖြစ် လျင်မြန်စွာ အားကောင်းလာကြောင်း သိရသည်။

အရှိန်နှေးကွေးသော မယ်လစ်ဆာမုန်တိုင်းသည် လာမည့် တစ်ရက်၊ နှစ်ရက်အတွင်း ဂျမေကာကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာချိန်တွင် ပိုမိုအားကောင်းလာမည်ဟု အမေရိကန်ပြည်ထောင်စုရှိ မိုးလေဝသခန့်မှန်းသူများ ယမန်နေ့က သတိပေးခဲ့သည်။

ဂျမေကာဝန်ကြီးချုပ် အင်ဒရူးဟိုနက်စ်က ''ဂျမေကာပြည်သူတွေအနေနဲ့ ဒီမိုးလေဝသဘေးအန္တရာယ်ကို အလေးအနက်ထားဖို့ ကျွန်တော် တိုက်တွန်းပါတယ်''ဟု ပြောကြားခဲ့သည်။ ''မိမိကိုယ်ကို ကာကွယ်ဖို့အတွက် အစီအမံအားလုံးကို ဆောင်ရွက်ကြပါ''ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယမန်နေ့ည နှောင်းပိုင်းတွင် မယ်လစ်ဆာမုန်တိုင်းသည် ဂျမေကာနိုင်ငံ၊ ကင်းစတန်မြို့၏ တောင်-အရှေ့တောင်ဘက် ကီလိုမီတာ ၂၀၀ (၁၂၅ မိုင်)ခန့်နှင့် ဟေတီနိုင်ငံ၊ ပေါ်တူပရင့်စ်မြို့၏ အနောက်-အနောက်တောင်ဘက် ၄၅၅ ကီလိုမီတာ(မိုင် ၂၈၀)ခန့် အကွာတွင် ဗဟိုပြုနေခဲ့သည်။

အဆိုပါဟာရီကိန်းမုန်တိုင်း ဗဟိုဌာန၏ ပြောကြားချက်အရ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၈၅ ကီလိုမီတာ(၁၁၅ မိုင်)အထိ ရှိခဲ့သည်။

ဂျမေကာအာဏာပိုင်များက ကင်းစ်တန်ရှိ နော်မန်လေအပြည်ပြည်ဆိုင်ရာလေဆိပ်ကို လိုအပ်ပါက ပိတ်ပစ်မည်ဟု ယမန်နေ့က ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## ဟိုင်နန်ပြည်နယ်၊ ဟိုင်ခိုမြို့မှ အေးခဲပင်လယ်စာ ပို့ကုန်များ နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကနေဒီ လေဆိပ်သို့ ရောက်ရှိ



ပေကျင်း အောက်တိုဘာ ၂၆

တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်လေကြောင်းအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသဆိုင်ရာ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုများကို ချဲ့ထွင်ရာတွင် အဓိကခြေလှမ်းတစ်ခုအဖြစ် မကြာသေးမီက ဟိုင်နန်ပြည်နယ်၊ ဟိုင်ခိုမြို့မှ အေးခဲပင်လယ်စာ တင်ပို့မှုသည် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ တင်ပို့မှုတွင် အလေးချိန် ၆၀၀ ကီလိုဂရမ်ခန့် ရှိပြီး ငါးခူဝါကြီး၊ ကျားစင်ရိုင်းနှင့် ငါးစင်ရိုင်းစိမ်းတို့ ပါဝင်ကာ ဟိုင်ခိုမေလန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုလေယာဉ်စတင်ထွက်ခွာခဲ့သည်။

၎င်းသည် အမေရိကန်ပြည်ထောင်စုသို့ မရောက်မီ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ဖြတ်သန်းခဲ့ပြီး ကာသေးပစိဖိတ်လေကြောင်းလိုင်းက တာဝန်ယူပို့ဆောင် ပျံသန်းခဲ့သည်ဟု ဆိုသည်။

လေကြောင်းထောက်ပံ့ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ ဟိုင်နန်လေဆိပ်အုပ်စုနှင့် ဟောင်ကောင်လေဆိပ်အာဏာပိုင်အဖွဲ့တို့အကြား စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာကို လိုက်နာဆောင်ရွက်သောအားဖြင့် ထိုသို့ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

ယင်းပူးပေါင်းဆောင်ရွက်မှုသည် ဟိုင်နန်လွတ်လပ်သော ကုန်သွယ်မှုဆိပ်ကမ်းကို ၎င်း၏ စိုက်ပျိုးရေးထုတ်ကုန်များအတွက် နိုင်ငံတကာဈေးကွက်သစ်များ ဖွင့်လှစ်ပေးနိုင်ရန် ကူညီရန် ရည်ရွယ်ထားသည်။

သယ်ယူပို့ဆောင်ရေး လွယ်ကူ ချောမွေ့စေရန်အတွက် ဟိုင်ခိုမေလန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကုန်ပစ္စည်းများကို ချက်ချင်းစစ်ဆေးခြင်းနှင့် ထုတ်လွှတ်ခြင်းများအပါအဝင် ဟိုင်ခိုမေလန်လေဆိပ်အကောက်ခွန်ဌာနနှင့် အတူ ၂၄ နာရီပတ်လုံး အကောက်ခွန်ဝန်ဆောင်မှုများကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

Mon

# ၂၀၂၅-၂၀၂၆ ခုနှစ် ကြံရာသီအတွက် တောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိသမျှ ကြံအားလုံးကို ဝယ်ယူကြိတ်ခွဲနိုင်ရေး ဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၆**

၂၀၂၅-၂၀၂၆ ခုနှစ် ကြံရာသီအတွက် သကြားစက်ရုံများနှင့် ကြံဝယ်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၄ ရက် မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သကြားစက်ရုံမှူးများ၊ ကြံသုတေသနနှင့် မျိုးပွားခြံဦးစီးမှူးများ တက်ရောက်ခဲ့သည်။

ပြည်တွင်းရှိ သကြားစက်ရုံ (၂၉)ရုံအနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိသမျှ ကြံအားလုံးကို ဝယ်ယူကြိတ်ခွဲနိုင်ရေး၊ ခုတ်သိမ်းသောကြံများကို စက်ရုံသို့ အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် သယ်ယူနိုင်ရေး၊ သကြားစက်ရုံများနှင့် ကြံစိုက် တောင်သူများ ကန်ထရိုက် (Contract Farming) စနစ်ဖြင့် စိုက်ပျိုးဝယ်ယူကြိတ်ခွဲနိုင်ရေး၊ သကြားစက်များပြုပြင်မွမ်းမံခြင်း၊ စက်စွမ်းအားမြှင့်တင်ခြင်း၊ ခေတ်မီစက်များဖြင့် ပြောင်းလဲတပ်ဆင် ကြိတ်ဝါးခြင်းဖြင့် သကြားထွက်နှုန်းတိုးတက်ရေးနှင့် ထုတ်ကုန် အရည်အသွေး ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သကြားထွက်နှုန်းကောင်းမွန်သည့် အရည်အသွေးကောင်း ကြံမျိုးများ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကြံပင်များ၌ အချိုဓာတ်ပြည့်ဝချိန်တွင် မှန်မှန်ကန်ကန် ခုတ်သိမ်းနိုင်ရန်နှင့် ရိတ်သိမ်းချိန်လွန်ကာလ လေလွင့်ဆုံးရှုံးနိုင်သည့် အချက်များကို တောင်သူများ ဂရုပြုလိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကြံပင်၏ အရင်း၊ အလယ်၊ အဖျားတို့၏ အချိုဓာတ်ပါဝင်မှု(Brix) ရာခိုင်နှုန်းကို Hand Refrometer ဖြင့် တိုင်းတာ၍ အချိုဓာတ်အများဆုံးချိန် ခုတ်သိမ်းရန်နှင့် ကြံခုတ်သိမ်းပြီးပြီးခြင်း သယ်ယူကြိတ်ဝါးနိုင်ခြင်းဖြင့် ကောင်းမွန်သော သကြားထွက်နှုန်း ရရှိမည်ဖြစ်၍ ခုတ်သိမ်းချိန် မှန်မှန်ကန်ကန်နှင့် သယ်ယူကြိတ်ခွဲရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းရှင်များနှင့် တောင်သူများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်း သကြားစက်ရုံပေါင်း ၂၉ ရုံရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကြံတန်ချိန် ၅၃၇၉၅၇၇ ကြိတ်ဝါးနိုင်ခဲ့ကာ သကြားအထွက် ၅၄၃၆၆၃ တန်၊ တင်လဲရည် ၂၆၁၈၉၅ တန် ထွက်ရှိခဲ့ကြောင်း သိရသည်။

**ရွှေမန်း**

၀-၀-၀-၀-၀





# မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခရိုင်နှင့် မြို့နယ်ဥပဒေရုံးမိသားစုများ၏ စတုတ္ထအကြိမ်မြောက် မဟာဘုံကထိန်အလှူပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ် ဥပဒေရုံးမိသားစုများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူပွဲကို မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ကထိန်လျာသင်္ကန်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကထိန်အလှူပွဲတွင် စုပေါင်းလှူဒါန်းမှုများမှာ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ အောင်မြေသာစံခရိုင်ဥပဒေရုံး၊ မဟာအောင်မြေခရိုင်ဥပဒေရုံး၊ အမရပူရခရိုင်ဥပဒေရုံး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ စုပေါင်း၍ စုစုပေါင်း ငွေကျပ် ၂၄၁၀၄၀၀၀ နှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဓရာဝတီ(ပရဟိတ) ဟသ်ာတရွှေကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ပုပ္ပားကျောင်း မြင်းဝန်မင်းကြီးတိုက်နှင့် ပဏ္ဍိတာရာမ ရွာကျောင်းတို့၏ ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (သာသနဓဇ ဓမ္မာစရိယ၊ M.A (Buddhist Studies University of Kelanlya , Srilanka) ထံမှ သီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့်ဇနီး ဒေါ်လှလှမြင့်တို့က ကထိန်လျာ ဥတ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**(အပေါ်ပုံ)**

ထို့နောက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ကထိန်အနုမောဒနာနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်ရာ နာယူကြည်ညိုကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀

၀-၀-၀

# (၇၃)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက် ၈ နာရီခွဲက (၇၃)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်ခရိုင်နှင့် ခရိုင်အုပ်ချုပ်မှုအောက်ရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းသို့ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇာဇာသန်းဝေတို့က လိုအပ်မှုမရှိစေရေး အနီးကပ်ဖြည့်ဆည်းပေးခဲ့ပြီး သွေးလှူရှင်များအား အာဟာရဖြစ် ကြက်ဥ၊ ငှက်ပျောသီး၊ အချိုရည်ဘူးနှင့် နွားနို့များ ပေးဝေခဲ့ကြောင်းနှင့် သွေးလှူရာ၌ အေသွေး ကိုးလုံး၊ ဘီသွေး ၁၁ လုံး၊ အိုသွေး လေးလုံး၊ အေဘီသွေး တစ်လုံး စုစုပေါင်း ၂၅ လုံး လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မိသားစုဝင်ငွေတိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၂၆**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း၊ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင်ပေးရန်အတွက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ တန်ဖိုးမြှင့်စားသောက်ကုန် (Bakery) အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် စက်ချုပ်နည်းပညာသင်တန်းများတွင် ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခိုင်ခိုင်သိန်းက လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယနေ့ အခမ်းအနားတွင် ထူးချွန်သင်တန်းသား၊ သင်တန်းသူ ၁၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့် ညီမျှသော လုပ်ငန်းသုံး ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နေလင်းအောင်(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ခန္တီးခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံ

**ခန္တီး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းလှိုင်ငြိမ်းနှင့် ခန္တီးခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တွေ့ဆုံပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာကဏ္ဍများအလိုက် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်မီပြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ ဒေသရှိကျောင်းများတွင် ဆရာ၊ ဆရာမလုံလောက်မှုမရှိသည်များကို တွေ့မြင်နေရ၍ ဆရာ၊ ဆရာမ အင်အားဖြည့်တင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျေးရွာများရှိ ဆေးခန်းများတွင်လည်း ကျန်းမာရေးဝန်ထမ်းများ ဖြည့်တင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ ဒေသတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးနေသည်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခန္တီးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍လည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်နေမှုများနှင့်ပတ်သက်၍လည်းကောင်း တင်ပြဆွေးနွေးခဲ့သည်။ (ဝဲပုံ)

ဆက်လက်၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းလှိုင်ငြိမ်းက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုစုပေါင်း ၇၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘက်စုံသုံးခန်းမဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**စဥ့်ကိုင် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာ၌ Smart Village စီမံကိန်းရန်ပုံငွေဖြင့် Steel Stru-cture ဖြင့် ဘက်စုံသုံးခန်းမဆောက်လုပ်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မေသူဇင်နှင့်ကျေးရွာလုပ်ငန်းကော်မတီဝင်များနှင့်အတူ Steel Structure ဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

စဥ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ပေရှိ Steel Structure ဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာနှစ်တွင် Smart Village စီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၉၉သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆၂ ဒသမ ၅၁သန်း စုစုပေါင်း ကုန်ကျငွေကျပ် ၉၇ ဒသမ ၅ သန်းတို့ဖြင့် အကုန်ကျခံကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် စက်တင်ဘာဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ထန်းသုံးပင်ကျေးရွာရှိ အိမ်ခြေ ၁၅၃ အိမ်နှင့် လူဦးရေ ၇၀၈ ဦးတို့ကို သာရေး၊ နာရေးနှင့် လူမှုရေးကိစ္စများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း စဥ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

(ဝဲပုံ) (ဝ၄ဝ)



## ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ ကျင်းပ

**ဟိုပုံး အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး လုပ်ငန်းထူထောင်မည့်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက "၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ ၁၈ ရွာမှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းထူထောင်နိုင်သူ ၇၅ဦးရှိကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှ ကျေးရွာတစ်ရွာအတွက် ငွေကျပ် ၁၂ သန်းအနက် ငွေကျပ် ငါးသန်းကို အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးပြီး လုပ်ငန်းသုံးပစ္စည်းများပေးအပ်သွားမှာဖြစ်ကြောင်း၊ ယခုအခမ်းအနားမှာတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ စီမံကိန်းလုပ်ငန်းခြောက်ခုမှ လုပ်ငန်းထူထောင်လုပ်ကိုင်မည့် ထူးချွန်သင်တန်းသား ၃၀ ဦးအတွက် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး၊ အရေအတွက်အားဖြင့် ၁၂၀ ခုအား ပေးအပ်သွားမှာပါ"ဟု ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးတို့က ဟိုပုံးမြို့နယ်၊ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်တို့မှ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းနှင့် စက်ချုပ်နည်းပညာသင်တန်းတို့တွင် သင်တန်းသား၊ သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ အသီးသီးပေးအပ်ခဲ့ကြပြီး လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (၃၆၈)**



## ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီက သာသနာ့ဗိမာန်ဝင်းအတွင်း၌ ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သာသနာ့ဗိမာန်တော်အတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဇော်ထက်(သရက်)**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**



## စစ်ကိုင်းခရိုင်အတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အဆင့်မြင့်ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးအဆင့်မြင့်ကွန်ပျူတာ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၃ရက်က စစ်ကိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက သင်တန်းသား၊ သင်တန်းသူများကို သင်ကြားပို့ချပေးခဲ့သော အကြောင်းအရာများကို လက်တွေ့အသုံးချပြီး မိမိတို့၏ စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်တိုးတက်အောင် လေ့လာသင်ယူကြရန်နှင့် ဘာသာရပ်များကို မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် ဆက်လက်ကြိုးစားသင်ယူကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များအား သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးအဆင့်မြင့်ကွန်ပျူတာသင်တန်းသို့ စစ်ကိုင်းခရိုင်နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက အဆင့်မြင့်ကွန်ပျူတာသင်တန်းနှင့် ပတ်သက်သည့် Power Point၊ Photoshop နှင့်ပတ်သက်သည့် ဘာသာရပ်များကို အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၂၃ရက်အထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(ဝ၄ဝ)

## စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်

**စစ်ကိုင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၂၅- ၂၀၂၈ ခုနှစ်သက်တမ်းအတွက် အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌ ဦးတင်ကိုကိုနှင့် အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ ဖိတ်ကြားထားသော လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌ ဦးတင်ကိုကိုက ရွေးချယ်တင်မြှောက်ပွဲနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များနှင့် ဆောင်ရွက်ရမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်အမှုဆောင်များ၊ ဗဟိုအလုပ်အမှုဆောင်များကို အစီအစဉ်အတိုင်း ရွေးချယ်တင်မြှောက်ခဲ့ကြပြီး စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ထမ်းဆောင်ကြမည့်သူများအား ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ကော်မရှင်ဥက္ကဋ္ဌက ရွေးချယ်တင်မြှောက်ခံရသူများ၏ အမည်စာရင်းကို ဖတ်ကြားသည်။ ဆက်လက်၍ အမှုဆောင်အသစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြပြီးနောက် ကော်မရှင်ဥက္ကဋ္ဌက ရွေးချယ်တင်မြှောက်ခံရသူများ၏ အမည်စာရင်းကို ဖတ်ကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၂၅- ၂၀၂၈ ခုနှစ် ဥက္ကဋ္ဌအသစ်က အသင်း၏ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ဓါပုံ)**

(၃၉၄)



## မိုးစပါးအောင်နိုင်တိုး (YSR-1) စံပြစိုက်ကွက်ရိတ်သိမ်း

**မိုင်းခတ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးအောင်နိုင်တိုး (YSR-1) စံပြစိုက်ကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ဝမ်ခုတ်ကျေးရွာအုပ်စု၊ ပင်းကွေ့ကျေးရွာ၊ ကွင်းအမှတ်(၂၈)၊ ကုန်းမွန်အနောက်ကွင်းရှိ တောင်သူ ဦးအိုက်ဆမ်၏ ဦးပိုင်အမှတ်(၈)၊ ဧရိယာ ၂ ဒသမ ၃၄ ဧက၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဇော်ဇော်လင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယုမောင်နှင့်ဝန်ထမ်းများ၊ ဝမ်ခုတ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး အောင်နိုင်တိုး မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ၈၉ ဒသမ ၃၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပိန်းမုံ-ဝမ်ပုံကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပိန်းမုံ-ဝမ်ပုံကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရုံးချုပ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်မျိုး၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာလင်းတို့ပါဝင်သောအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလွင်မိုး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးဟန်တို့က ကြည့်ရှုစစ်ဆေးခဲ့ရာ ယင်းလုပ်ငန်းနှင့်ပတ်သက်၍ အခြေအနေများကို မြို့နယ်ဦးစီးမှူးက ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးအား မှာကြားခဲ့သည်။



အဆိုပါ ပိန်းမုံ-ဝမ်ပုံကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းသည် (၀/၄)မိုင်×၁၆'× ၆'လမ်းအရှည် ၀ ဒသမ ၈၀၅ km ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၂၂ ဒသမ ၃သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## လျှော်ဘေးအလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်း ဟောပြော

**မန္တလေး အောက်တိုဘာ ၂၆**

ငလျင်ဘေးအလွန်ပြန်လည် ထူထောင်ရေးဆိုင်ရာ ဟောပြောပွဲကို ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီမှ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ် ၂၆လမ်းနှင့်၅၇လမ်းရှိ TRIUMPH HOTEL တွင် ကျင်းပသည်။

အခမ်းအနားတွင် လွန်ခဲ့သည့် မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် ဝမ်းနည်းခြင်းအဖြစ် တက်ရောက်လာသူ အာမခံကိုယ်စားလှယ်များနှင့် မိတ်ဆက်လုပ်ငန်းရှင်များမှ စက္ကန့် ၉၀ မတ်တတ်ရပ်၍ ငြိမ်သက်ကာ မေတ္တာပို့သခြင်း ပြုခဲ့ကြသည်။



ထို့နောက် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ၏ တာဝန်ရှိသူများမှ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ အသိပညာပေးအကြောင်းအရာများ မျှဝေခဲ့ပြီး အာမခံဝန်ဆောင်မှု အကောင်းဆုံးလုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိခဲ့သော အာမခံကိုယ်စားလှယ်များအား စွမ်းဆောင်ရည်ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(၀၇၀)

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မူဆယ် အောက်တိုဘာ ၂၆**

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှု၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၂၅ ရက် နံနက် ၆ နာရီခွဲက မူဆယ်မြို့အဝင်ဆိုင်းဘုတ်မှ မြို့ရှောင်လမ်း လမ်းဘေးတစ်လျှောက် လမ်းဘေးဝဲ၊ ယာနှင့် မြို့ရေပေးရေး ရေလှောင်ကန်အနီးတို့တွင် မြက်ရိတ်ခြင်း၊ သစ်ပင် ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(ကဆ)

# တောပုရွာက ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်

တောပုရွာဆိုတာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရဲ့ အိမ်ခြေငါးရာကျော် ခြောက်ရာနီးပါးရှိတဲ့ ရွာကြီးတစ်ရွာပါ။ အရှေ့အနောက် တိုးလျှိုပေါက် ရွာလယ်လမ်းမကြီးရှိနေခြင်းက ထူးခြားမှုတစ်ခုပေါ့ဗျာ။ ရွာလယ်လမ်းမကြီးရဲ့မြောက်ဘက်မှာရှိတဲ့ အိမ်တွေကို မြောက်အရပ်၊ လမ်းမကြီး တောင်ဘက်မှာရှိတဲ့ အိမ်တွေကို တောင်အရပ်လို့ ခေါ်ကြပါတယ်ပေါ့။ ဥပမာတစ်ခု တောင်အရပ်က စံထွေး၊ မိအေးသားနဲ့ မြောက်အရပ်က ဖိုးထောင်၊ မိကူးသမီးတို့ ရည်းစားဖြစ်နေတယ်လို့သာ ပြောကြတာ။ စံထွေး၊ မိအေးတို့က ရွာရဲ့အနောက်ဖျားနေတာပါ။ ရွာလယ်လမ်းမကြီးရဲ့ တောင်ဘက်မှာရှိတယ်ဆိုရင် တောင်အရပ်ကပေါ့ ဖိုးထောင်၊ မိကူးတို့က ရွာအရှေ့ဖျားမှာနေပေမယ့် ရွာလယ်လမ်းမကြီးရဲ့ မြောက်ဘက်မှာရှိနေရင် မြောက်အရပ်သူ ဒီလိုပဲ ပြောကြဆိုကြတာပါ။ ဒါကတော့ တောပုရွာသူရွာသားတွေရဲ့ သတ်မှတ်ချက်ပါ။

ဘယ်မြို့နယ် လူကြီးတွေကမှ လာရောက်သတ်မှတ်ပေးထားခြင်းမဟုတ်။ ဒီလိုပဲ ရှေးကလူကြီးတွေ အစဉ်အဆက် ခေါ်ဝေါ်လာကြတာလေ။ ရွာက ရွာကြီးဖြစ်သလို လယ်ယာချောင်းမြောင်းကလည်း ကောင်း၊ ရောင်းရေး၊ ဝယ်ရေးမှာလည်း တံတားဦးမြို့နဲ့က လမ်းပန်းဆက်သွယ်ရေး ချောမွေ့နေတော့ စည်ပင်ဖွံ့ဖြိုးတဲ့ တောပုရွာလို့ဆိုရင်လည်း မမှားပေဘူးပေါ့။ အလှူအတန်းဆိုတာကတော့ မိုးလေဝသများကောင်းရင် သားရှင်ပြုအလှူတွေ ဆယ့်လေးငါးလှူလောက်ကိုရှိတာ၊ မိုးလေဝသမကောင်းဘူးဆိုတဲ့နှစ်မှာတောင် အနည်းဆုံး ငါးလှူ၊ ခြောက်လှူကတော့ နှစ်တိုင်းရှိတဲ့ တောပုရွာပါ။ အလှူတွေကလည်း အပြိုင်အဆိုင်ပါ။ မြောက်အရပ်ကိုဘဦးတို့၊ မိအေးတို့က မန္တလေးက နာမည်ကြီး ရွှေဒေါင်းမြိုင်ငှားတယ်ဆိုရင် တောင်အရပ်က ကိုပေါမြိုင်၊ မိလုံးတို့ကလည်း အားကျမခံ စိန်ဘညိုဆိုင်းကို မရ ရအောင်ငှားကြတယ်။ ရက်တိုက်နေလို့ မလိုက်နိုင်ဘူးဆိုရင် ဆိုင်းအားလို့ လိုက်တီးနိုင်မယ့်ရက်ရွှေ့ပြီး အလှူရက်ကို ပြန်သတ်မှတ်ကြတယ်။ ဆိုင်းတင်ပြိုင်ကြဆိုင်ကြတာလားဆိုတော့ မဟုတ်သေးပါ။ ဥပမာပေါ့ဗျာ မောင်ဖြူက ဝက်သားကျွေးဆိုရင် မောင်နီက ဝက်သားနဲ့ ငါးခြောက်ချက်ကျွေး၊ တစ်ခါ မောင်ညိုကလည်း အားကျမခံ ဝက်သားကြိုက်တဲ့သူ ဝက်သား၊ ကြက်သားကြိုက်တဲ့သူ ကြက်သားစသဖြင့် အပြိုင်အဆိုင်ပေါ့။

ကုမ္မာရီအမျိုးသမီးတွေကလည်း သူ့ထက်ငါ အပြိုင်အဆိုင်ပါပဲ။ ကာလသားတွေကလည်း အပြိုင်အဆိုင် ဝယ်ကြဝတ်ကြပေါ့။ ဒါပေမဲ့ ပြိုင်လို့မရတာ တစ်နေရာတော့ရှိတယ်။ ဘယ်နေရာလဲပေါ့၊ အလှူတစ်လှူရဲ့ အက္ခရာ ရွာတစ်ရွာရဲ့ ကျက်သရေလည်းဖြစ်တဲ့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ပါ။ ရုပ်ရည်ချောမောလှပရုံနဲ့ မရပါဘူး။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေမှာ ဟိုးရှေးအစဉ်အဆက် သတ်မှတ်ခဲ့တဲ့ စည်းကမ်းဥပဒေတွေ လိုက်နာရပါတယ်။ ပြောရရင်တော့ ရွာခေလှေ့၊ ရပ်ခေလှေ့ ရွာတွေမှာ မဖြစ်မနေလိုက်နာရပါတယ်။ ဒီဥပဒေတွေဟာ စာနဲ့ပေနဲ့ ချမှတ်ခဲ့တာတော့ မရှိပါဘူး။ ရှေးက လူကြီးသူမတွေ အဆင့်ဆင့် ချမှတ်ခဲ့တဲ့လမ်းစဉ်ပါ။ ပြောရရင်တော့ ဒြပ်မဲ့ယဉ်ကျေးမှုလို့လည်း ပြောလို့ရပါတယ်။

ပထမတစ်ချက် ရုပ်ရည်ချောမောလှပပေမယ့်လည်း အရပ်အမောင်းပုသူ၊ အရပ်မမြင့်သူ၊ ကွမ်းတောင်ကိုင်ခွင့်မရှိ။ ဒုတိယတစ်ချက် မိဘနှစ်ပါးမပြည့်စုံလျှင် ကွမ်းတောင်ကိုင်ခွင့်မရှိ။ အဖေ၊ အမေပြည့်စုံသော်လည်း မိဘနှစ်ပါး ကွဲကွာနေရင်လည်းမရပါ။ တတိယတစ်ချက် တစ်ခုလပ်၊ တစ်လင်ကွာကိုင်ခွင့်မရှိ၊ ရည်းစားများခြင်းကြောင့် နာမည်ပျက်ရရှိလည်း ကွမ်းတောင်မကိုင်ရပါ။ စတုတ္ထအချက် အဖေ၊ အမေ စာရိတ္တမကောင်းလို့ ခိုးမှု၊ လိမ်လည်မှု၊ လူသတ်မှု စသဖြင့် အပြစ်တွေရှိခဲ့ရင်လည်း သမီးဖြစ်သူ ကွမ်းတောင် ပန်းတောင်မကိုင်ရပါ။ ရွေးချယ်ရာမှာတော့ တောင်အရပ်မြောက်အရပ်ရယ်လို့ ရွေးချယ်လို့မရပါ။ ရွာကသတ်မှတ်ထားတဲ့ ခလှေ့ထုံးစံနဲ့ရွေးချယ်တာမို့ နှစ်ယောက်လုံး တောင်အရပ်က ဖြစ်ချင်ဖြစ်မယ်၊ မြောက်အရပ်ကလည်း ဖြစ်ရင်ဖြစ်သွားနိုင်တယ်။ ဒါကတော့ အပျိုခေါင်းနှစ်ဦးရဲ့ စီမံဆုံးဖြတ်ပိုင်ခွင့် ဘယ်သူမှဝင်ရောက်ပြောဆိုခွင့်မရှိ။ သူတို့နှစ်ဦးကလည်း ခလှေ့ထုံးစံကျော်လွန်ပြီး လုပ်ခွင့်မရှိပါ။

ကွမ်းတောင်၊ပန်းတောင်ကိုင်တွေအတွက် ရွာကအမျိုးသမီးကြီးကိုယ်တိုင် လက်နဲ့ပြုလုပ်ထားတဲ့ (Hand Made) ဟန်းမိတ်ပေါ့ဗျာ အမျိုးသမီးတိုင်း မလုပ်တတ်၊ အသက်ရွယ်ကြီးရင့်တဲ့ အမျိုးသမီးများက လုပ်တတ်ပါတယ်။ ကလပ်ပေါ်မှာ ငှက်ပျောရွက်အစိမ်းကိုကတော့ထိုးပြီး ငှက်ပျောရွက်အစိမ်းကိုပဲ အရှည်နှစ်ပေပတ်လည်ရှိတဲ့ သုံးထောင့်ချွန်းလေးတွေပြုလုပ်ပြီး ကလပ်အထက်မှာရှိတဲ့ကတော့ အောက်ခြေကိုပတ်လိုက်တော့ လှပတဲ့ကွမ်းတောင် ဖြစ်သွားတာပေါ့။ ကတော့ရဲ့ထိပ်မှာတော့ နှင်းဆီပန်းဖြစ်စေ၊ မေမြို့ပန်းဖြစ်စေ လှပတဲ့ပန်းတစ်ပွင့် ထိုးထားပါတယ်။ နှစ်ပွင့်မထိုးရပါ။ ကတော့ထိပ်ကနေ အောက်ခြေကလပ်ထိ အပ်ချည်ကြိုးလေးတွေနဲ့ ပတ်လည်ထိန်းထားကာ ကြိုးလေးတွေမှာ စံပယ်ပန်း၊ မြတ်လေးပန်းတွေသီကုံးထားပါတယ်။ ကလပ်ကို လူတိုင်းသိအောင်ပြောရရင် သူရဿတီမယ်တော် ဟင်္သာစီးလျက် ပိဋကတ်သုံးပုံတင်ပြီး လက်ကကိုင်ထားတဲ့ဟာ ကလပ်ပါ။ ပန်းတောင်ကိုင်အတွက်က မြေအိုးသေးသေးလေးနဲ့ ပြုလုပ်ထားပါတယ်။ ပြုလုပ်ပုံ၊ ပြုလုပ်နည်းတော့ ကွမ်းတောင်ပြုလုပ်နည်းနဲ့ အတူတူပါပဲ၊ ကွမ်းတောင်၊ ပန်းတောင် ခြားနားမှုဖြစ်အောင်ပါ။ ဒါဆိုရင် ကွမ်းတောင်၊ ပန်းတောင်ခွဲခြားပြီး စာဖတ်သူများ မြင်လောက်ရောပေါ့။

အလှူရှင်လောင်းလှည့်တဲ့အခါ ကွမ်းတောင်ကိုင်ကိစ္စတစ်ခုတည်းမဟုတ်၊ အတန်းအနိမ့်အမြင့် ညီအောင်စီမံရပါသေးတယ်။ မြင်းစီးရှင်လောင်း၊ နားထွင်းလှည့်တွေရဲ့နောက်မှာ ကြေးစည်တီးတဲ့အဖွဲ့၊ အဲ့ဒီအဖွဲ့နောက်မှာ အုန်းငှက်ပျော ကန်တော့ပွဲရွက်တဲ့ သက်ဆိုင်ရာရွှေမျိုးတော်စပ်သူ အမျိုးသမီးများ၊ သူတို့များရဲ့နောက်မှာမှ အလှူ့ဒါယကာက သပိတ်လွယ်၊ အလှူ့ဒါယိကာမက သင်္ကန်းပရိက္ခရာစုံလင်စွာပိုက်ပြီးလိုက်ပါကာ ပြီးမှကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်၊ ရွှေကွမ်းတောင်ကိုင်၊ ငွေကွမ်းတောင်ကိုင်၊ ဟင်္သာရုပ်ကိုင် စသဖြင့် အရပ်အနိမ့်အမြင့်ညီအောင် တန်းစီစေပြီး လှည့်ကြပါတယ်။ နောက်ဆုံးကတော့ ရွာရဲ့ အိုးစည်ဒိုးပတ်ဝိုင်းအဖွဲ့ပေါ့။ ဒီလိုစီတန်းလှည့်လည်တာကို ရွာကတာဝန်ရှိလူကြီးတွေနဲ့ လူပျိုခေါင်း၊ အပျိုခေါင်းတို့က ကြီးကြပ်ပြီးသွားရပါတယ်။ အပျိုခေါင်း မကြင်စောက ကွမ်းတောင်၊ ပန်းတောင်ကိုင်တွေနား အမြဲလိုက်ပါစောင့်ရှောက်ရသလို အပျိုခေါင်း မခင်လှကတော့ မုန့်ပွဲကိုင်တဲ့ကလေးတွေကို ထိန်းကျောင်းပေါ့။ ကာလသားခေါင်း ကိုဘရှင်ကတော့ အိုးစည်ဒိုးပတ်ဝိုင်းရန်မဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်းလုပ်နေရတယ်လေ။ အလှူတစ်ခု ခိုက်ရန်ဖြစ်ပွားခဲ့ရင် အလှူရှင်တွေ စိတ်မချမ်းမသာဖြစ်မှာကို ရွာတာဝန်ရှိ လူကြီးတွေနဲ့ ကာလသားခေါင်းတွေက ဂရုစိုက်ပြီး ဝိုင်းဝန်းထိန်းသိမ်းပေါ့ဗျာ။

တောပုရွာ အလှူတွေမှာ သက်ဆိုင်ရာ သက်ဆိုင်ရာတွေ အအုပ်အထိန်းကောင်းသလို ရွာသူ၊ ရွာသားတွေကလည်း စည်းလုံးညီညွတ်ကြတော့ ရွာနီးချုပ်စပ်ကရွာတွေကတောင် အတုယူရတဲ့အထိပါပဲ၊ ဒါတင်မကသေးပါဘူး။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေဖြစ်ကြတဲ့ မငွေငွေမြင့်နဲ့ ညီမဝမ်းကွဲတော်စပ်သူ မယဉ်ယဉ်နုတို့ရဲ့ အလှကလည်း မြင်သူတိုင်းငေးမောရအောင်ကို လှကြပါပေတယ်။ ကွမ်းတောင်ကိုင်တဲ့ မငွေငွေမြင့်ရဲ့ အရပ်မောင်းက မနိမ့်မမြင့် အသားကဖြူဖြူ မျက်လုံးမျက်ခုံးကကောင်းကောင်း၊ နှာတံပေါ်ပေါ် နှုတ်ခမ်းကလည်း ... 

နဖူးပြင်ကမကျဉ်းမကျယ်၊ လည်တိုင်သွယ်သွယ်၊ ကိုယ်ဟန်အနေထားကလည်း ခါးသေးလို့ ရင်ချီပေါ့ဗျာ။ မျက်နှာမှာ လိမ်းခြယ်ထားတဲ့ မိတ်ကပ်ကလည်း ရိုးရိုးရှင်းရှင်းလေးနဲ့ လှချင်တိုင်းလှလို့ပါပဲ။ ပန်းတောင်ကိုင်ဖြစ်သူ ညီမဝမ်းကွဲကလည်း သူ့အလှနဲ့က မတိမ်းမယိမ်းရယ်၊ တကယ်တော့ နဂိုရှိလို့ နဂိုင်းထွက်တယ်လို့ ပြောရမှာပါ။

ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေကို ဝိုင်းကြည့်နေတဲ့ လူအုပ်ကြီးထဲမှ အသက်ခပ်ကြီးကြီး အမျိုးသမီးက 'အမလေးဟယ် လှလိုက်သည့်ဖြစ်ခြင်း နတ်သမီးလေးတွေလား အောက်မေ့ရတယ်' နောက်အမျိုးသမီးတစ်ယောက်ကလည်း 'လှရုံတင်မကပါဘူးအေ ဝတ်ထားလိုက်တဲ့ ရွှေတွေကများ ဥစ္စာစောင့်မတွေလားမှတ်ရတယ်' 'ရွှေတွေဝတ်ထားတာ သူတို့ချည်းမဟုတ်ဘူး။ နောက်က အမျိုးသမီးတွေလည်း အတူတူပါပဲအေ၊ အလှတွေကလည်း မတိမ်းမယိမ်းရယ်ပါ' တခြားရွာက ယောက်ျားကြီးတစ်ယောက်ကလည်း 'ဒါကြောင့်မို့ ပြောကြတာနေမှာ၊ အပျိုချောစု တောပုရယ်လို့' ဒီလိုချီးကျူးသံတွေကြားရတော့ ရွာသူ၊ ရွာသားတွေကလည်း ပီတိအပြုံးလေးတွေနဲ့ပေါ့ဗျာ။ စောစောကပြောခဲ့သလို ကွမ်းတောင်ကိုင်တဲ့နေရာမှာ တောင်အရပ်၊ မြောက်အရပ်ရယ်လို့မဟုတ်ဘဲ တကယ်လှတဲ့သူသာပေးအပ်ခဲ့လို့ ချီးမွမ်းခံရတာ။ အခုကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် နှစ်ဦးစလုံးက တောင်အရပ်က ညီမဝမ်းကွဲတော်စပ်သူတွေပါ။ တကယ်လည်း ကွမ်းတောင်ကိုင်တွေဟာ တောင်အရပ်ကချည်း ထွက်တာများပါတယ်။

တောပုရွာကတော့ ပြီးခဲ့တဲ့နှစ်တွေထက် အလှူအတန်းပေါများသဗျ။ ဒီနှစ်ကမိုးလေဝသကောင်းတော့ အညာဒေသထွက် ဖြစ်တဲ့ နှမ်း၊ မြေပဲနဲ့ ပဲမျိုးစုံအထွက်ကောင်းသလို ဈေးတွေကလည်းကောင်းတော့ တောင်သူတွေ ငွေရှင်ကြတယ်လေ။ ဒါကြောင့်မို့လည်း ပြောကြတာပေါ့ ကုန်သည်ဆယ်လှည့် တောင်သူတစ်လှည့်တဲ့။ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ ကုန်ရောင်းကုန်ဝယ် ဆယ်ခေါက် ကူးသန်းရောင်းဝယ်တဲ့အမြတ်က တောင်သူတစ်နှစ်ရတာနဲ့ အတူတူပဲလို့ ဆိုချင်တာပါ။ တောပုရွာအလှူတွေက သီးနှံသိမ်းပြီးချိန်တွေဖြစ်တဲ့ နတ်တော်လမှစပြီး အလှူပွဲတွေ ပြုလုပ်ကြပါတယ်။ တပေါင်းလကုန်ခါနီး အားလုံးပြီးစီးကြတယ်လေ။ တပေါင်းလမှာ ထန်းတက်တဲ့သူတွေက ထန်းတက်ဖို့အတွက် ပြင်ကြဆင်ကြတော့ အလှူကို သိပ်မကူညီနိုင်ကြလို့ပါ။ ဒီနှစ်ကတော့ တောင်အရပ်က ဦးဖိုးထောင်၊ ဒေါ်မြသန်း ရှင်ပြုနားသအလှူ ပထမဦးပါ။

ဒီနှစ်အလှူတွေမှာ တောပုရွာကလူတွေ စိတ်ဝင်စားစရာကိစ္စတစ်ခု ရှိလာကြတယ်။ အဲ့ဒါကတော့ ကွမ်းတောင်ကိုင် ဘယ်သူဖြစ်မလဲပေါ့။ အရင်နှစ်တွေက ကွမ်းတောင်ကိုင် မငွေငွေမြင့်၊ ဝါဆိုဦးက မင်္ဂလာဆောင်သွားလို့ပါ။ ကွမ်းတောင်ကိုင် အိမ်ထောင်ကျသွားလို့ ပန်းတောင်ကိုင်တဲ့သူက ကွမ်းတောင်ကိုင်ဖြစ်မလာပါ။ သူ့ထက်လှတဲ့သူ ရပ်ခလှေ့၊ ရွာခလှေ့ထုံးစံတွေနဲ့ ကိုက်ညီနေရင် သူ့ကိုပဲ ပေးရပါတယ်။ ကွမ်းတောင်ကိုင်မရှိတော့လို့ ပန်းတောင်ကိုင်တဲ့သူဟာ ကွမ်းတောင်ကိုင်ဖြစ်ချင်မှ ဖြစ်တာပါ။ သူ့ထက်လှတဲ့သူ မပေါ်ခဲ့ရင်တော့ သူပဲကွမ်းတောင်ကိုင်ရမှာပါ။ ဦးဖိုးထောင်၊ ဒေါ်မြသန်း တောင်အရပ်က အလှူရှင်လောင်းလှည့်မယ့်အချိန် ရောက်လာပါပြီ။

ကုမ္မာရီအမျိုးသမီးများလည်း မဏ္ဍပ်ထဲ တဖွဲဖွဲဝင်လာနေကြပေါ့။ မြောက်အရပ်ကလည်း မဏ္ဍပ်ထဲ တဖွဲဖွဲဝင်လာနေကြပေါ့။ မြောက်အရပ်က အမျိုးသမီးတစ်သိုက်ထဲမှာ ထူးထူးခြားခြား တောဧ်သမီးပျိုအလှတစ်ဦး ပါလာခဲ့တယ်။ သူ့ရဲ့နာမည်ကတော့ မမြကြွယ်ပါတဲ့ အရင်အရင်နှစ်တွေက မတွေ့ကြရတဲ့အကြောင်းက ဆယ်တန်းတက်နေတာရယ်၊ အစ်မဖြစ်သူ အလှူအလှည့်လိုက်နေလို့ပါ။ ဒီနှစ်တော့ အစ်မဖြစ်တဲ့ မြကြည်အိမ်ထောင်ရက်သားကျသွားတော့ ရပ်ရွာတို့ထုံးစံ တစ်အိမ်တစ်ယောက် မဖြစ်မနေလိုက်ရတယ်လေ။ ဒါကြောင့် ဒီနှစ်အလှူဦးမှာ မမြကြွယ်ကိုစပြီး ပွဲထုတ်တယ်ဆိုပါတော့။ မြကြွယ်မိဘများက သူ့ကိုမွေးပြီးမှ ချမ်းသာကြွယ်ဝလာလို့။ မွေးတာက ကြာသပတေးနေ့မှာလည်း ဖြစ်လို့ နေ့သင့်နံသင့်နာမည်သညာ မှည့်ခေါ်သည်ကား မြကြွယ်တွင်စေသတည်းပေါ့ဗျာ။ မြောက်အရပ်က အမျိုးသမီးတွေကလည်း လည်ပါတယ်။ မမြကြွယ်လေးကို ရှေ့ကနေသွားစေပြီး နောက်ကနေဝန်းရံလိုက်လာကြတယ်။

ပါးစပ်ကမပြောဘဲနဲ့ ကြည့်ထားကြ၊ ဘယ်လောက်လှလဲဆိုတဲ့ ပုံစံပေါ့။ အားလုံးကလည်း ဝိုင်းကြည့်နေကြတယ်။ သူ့အလှကလည်း တစ်မူထူးခြားနေတာကိုး။ အရပ်ကအနေတော်လေး တုတ်တုတ်ခဲခဲ အသားက မဖြူမညို၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ နဖူးပြင်က မဟာနဖူး၊ ခပ်ကျယ်ကျယ် လည်တိုင်ပေါ်လေးနဲ့ ကိုယ်လုံးကိုယ်ပေါက်က မိန်းကလေးများ ရှိသင့်ရှိထိုက်တဲ့ အချိုးအဆစ်အတိုင်းပဲ။ အရပ်ကသိပ်မမြင့်ပေမယ့် ပုံတော်ဖိနပ် အထူလေးနဲ့ဆိုတော့ ရှိသင့်ရှိထိုက်တဲ့ အရပ်ထက်ပိုမြင့်နေသလို ထင်ရတယ်။ မြင်လွယ်အောင် ပြောရရင်တော့ ရွှေဘိုမင်းကြိုက်ပေါ့။ တောင်အရပ် မယဉ်ယဉ်နုကလည်း မနှစ်က ထက်ပိုလှလာတယ်။ အသက်ကလည်း ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်ထဲမှာဆိုတော့ တကယ်အလှသွေးကြွယ်တဲ့အချိန်။ သူ့အစ်မ မငွေငွေမြင့်နဲ့ သူမသာ ကိုယ်မသာပါဘဲ၊ မဏ္ဍပ်ထဲမှာတော့ 'လ' နှစ်စင်းပြိုင်ထွက်နေသလိုပါပဲ။

(ဆက်လက်ဖော်ပြပါမည်)

ကျော်လှိုင်(နန်းရှေ့)

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း



**မကွေး အောက်တိုဘာ ၂၆**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ဥပဒေချုပ်ရုံးရှိ ပါမောက္ခ ဦးလှအောင်ခန်းမ၌ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ၊ ရုံးအဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ လက်ထောက်တိုင်းဒေသကြီးဥပဒေအရာရှိများ၊ ဒုတိယခရိုင် ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ၊ ဦးစီးအရာရှိများနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးတင့်ဝေက အဖွင့်အမှာစကားပြောကြားပြီး သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်လှလှဆွေက ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၏လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မတ်လမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ပြသခဲ့သည်။ ၎င်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး ဥပဒေအရာရှိက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး ဥပဒေချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# လူငယ်နှင့် စာဖတ်ခြင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်နှင့်စာဖတ်ခြင်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက နန်းသြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက "လူငယ်နှင့်စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့် အသိပညာဗဟုသုတနှင့် ပြည့်စုံသည့် လူငယ်များဖြစ်ရန် စာကိုများများဖတ်ဖို့လိုကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းစာအပြင် စာပေကို ခင်တွယ်တန်ဖိုးထားလေ့လာဖတ်ရှုနေမှသာ ဘက်စုံဖွံ့ဖြိုးပြီး အရည်အချင်း ရှိတဲ့ လူငယ်မောင်မယ်များဖြစ်လာမှာဖြစ်ကြောင်း၊ လူငယ်များဟာ အနာဂတ်တိုင်းပြည်အတွက် အဓိကအရေးပါသောကြောင့် အဘက်ဘက်မှ အသိပညာဗဟုသုတများ ပြည့်စုံအောင် အချိန်ရတိုင်း စာပေများကို လေ့လာ လိုက်စားဖတ်ရှုနေရမည်ဖြစ်ကြောင်း၊ စာဖတ်ရာတွင်လည်း စာဖတ်ရုံသက်သက်မဟုတ်ဘဲ ဖတ်သမျှမှတ်၊ မှတ်သမျှကို ပြန်လည်မျှဝေနိုင်လျှင် အကျိုးရှိကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် စာပေကို ခင်တွယ်တန်ဖိုးထားလေ့လာမှတ်သားဖတ်ရှုနေရမည်ဖြစ်ကြောင်း ဟောပြောခဲ့သည်။

**(အောက်ပုံ)**

အခမ်းအနားအပြီးတွင် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀






ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနပန်း ရေနံ

## အသံတိတ်နှင်း

* မှတ်သုံမိုးလေး ထွက်ခွာပြေး
ဘယ်ဝယ်ဘယ်ဆီဝေး ။
မြောက်ပြန်လေအေး ညင်းဆော်သွေး
ဝန်းကျင်ချမ်းစိမ့်အေး။

* နှင်းလာလျှင် သဇင်လည်းပါ
တစ်ခါတည်း ခေါ်လာ။
နှင်းပြန်လျှင် သဇင်လည်းပြန်ကာ
လက်ဆွဲခေါ်သွားတာ။

* နှင်းနဲ့သဇင်၊ သဇင်နဲ့နှင်း
ခိုင်မြဲတဲ့ချစ်ခြင်း။
တစ်ဆောင်းတွင်းလုံး နှင်းဝေဆင်း
သဇင်ရနံ့သင်း။

* အပြာရောင် မိုးကောင်းကင်အောက်
နှင်းမှုန်တွေ ကျရောက်။
အိမ်တံစက်မြိတ်ပေါ် လမ်းလျှောက်
ခြေသံတဖြောက်ဖြောက်။

* ဟို...ယခင်က နှင်းမှုန်တွေ
ထူထူပိန်းပိန်းဝေ။
"ဆောင်း"ဝီသအောင် တာဝန်ကျေ
ချမ်းအေးလွန်းလှပေ။

* ရာသီဥတု ဖောက်ပြန်နေ
သဘာဝတရားပေ။
ဟေမန်ဆောင်းသာ ရောက်လာပေ
နှင်းတွေ အသံတိတ်နေ။ ။

**မိုးထက်ကို(အမရပူရ)**

ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။

# သကြားနှင့် သကာရည်ကုန်စည်ဒိုင်အသင်း(မန္တလေး) (၄၁)ကြိမ်မြောက် မဟာဘုံကထိန်ကျင်းပ၊ လှူဖွယ်ပစ္စည်းများ လောင်းလှူ



**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ဒေးဝန်းအနောက်ရပ်ကွက်၊ သင်္ဘောပတ်လမ်းရှိ သကြားနှင့် သကာရည်ကုန်စည်ဒိုင်အသင်း (မန္တလေး)၏ (၄၁)ကြိမ်မြောက် မဟာဘုံကထိန်ကို အောက်တိုဘာ ၂၅ရက် နံနက် ၉နာရီက အဆိုပါ အသင်းတိုက် မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလင်းဝင်းရပ် ခေမာသီဝံကျောင်းတိုက်ရှိ ပုရိမဝါမှ ထမြောက်တော်မူကြသော သံဃာတော် ၃၆ ပါး၊ ချမ်းအေးသာစံမြို့နယ်မှ ပင့်သံဃာ ငါးပါး၊ စုစုပေါင်း သံဃာတော် ၄၁ ပါး ကြွရောက်တော်မူကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ခေမာသီဝံကျောင်းတိုက်ဆရာတော်ကြီး ထံမှ သကြားနှင့် သကာရည်ကုန်စည်ဒိုင်အသင်း(မန္တလေး) ဥက္ကဋ္ဌ ဦးမောင်အေးနှင့် အသင်းအမှုဆောင်များ၊ ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်နှင့် ကထိန်အနုမောဒနာတရား နာယူကြသည်။ ဆက်လက်၍ လှူဒါန်းမှု အစုစုအတွက် ရေစက်ချအမျှပေးဝေ၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။ ထို့နောက် ခေမာသီဝံကျောင်းတိုက် ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား သကြားနှင့် သကာရည် ကုန်စည်ဒိုင်အသင်း (မန္တလေး)ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၅)**



# ဆုံစည်းရာအရဏ်ဆွမ်းလောင်းအသင်း (၂၀၇)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၀၇)ကြိမ်မြောက် ဆွမ်းလောင်းပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက လမ်း၆၀နှင့် ၂၈(B)လမ်းထောင့်ရှိ အဆိုပါအသင်းရုံးရှေ့၌ ကျင်းပရာ လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင် လူငယ်မောင်မယ်များက အရုဏ်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူခဲ့ကြသည်။ **(အပေါ်ပုံ)**

(၂၀၇)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် လယ်ကိုင်းတိုက်အရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တဆန္ဒောဒရ၊ အေးချမ်းအောင်မြင်ရဲမွန်တောင် ကျောင်းဆရာတော်၊ ကိုလှိုင်မြင့်(စတီးဆိုင် ၂၆လမ်း)မိသားစု၊ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ) မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင်မိသားစု၊ (ဖခင်ကြီး)ဦးကိုးအောင်+(မိခင်ကြီး) ဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ၊ ကိုကျော်ကျော်+မတင်မမ (မြရောင်ခြည်ကဖေး)မိသားစု၊ ဦးအောင်ကျော်+ ဒေါ်ရာရှင်း မိသားစု၊ ဦးခင်မောင်ရီနှင့် ဇနီး မိသားစု၊ Ko Sai ရွှေပန်းထိမ် မိသားစု၊ ဒေါ်နန်းခွန်(၂၈)လမ်း မိသားစု၊ကိုသက်မြတ်သူ+မမျိုးမျိုးအေး(မန်းစည်ပင်)မိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြသည်။

ဆုံစည်းရာ ဆွမ်းလောင်းအသင်းကြီးသည် လစဉ်မြန်မာ လဆန်း ၃ရက်နေ့တိုင်း ဆွမ်းလောင်းလှူဒါန်းသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

# မဟာမြိုင်ဝန်ထမ်းအိမ်ရာမိသားစု (၁၃၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် (တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် အလှူရှင် ဒေါ်စန်းစန်းမြင့် (၆၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်း၊ မမေပြည့်စုံမှူး၏ နှစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်း လှူဒါန်းမှုတို့ဖြင့် လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်နှင့် သာမဏေအပါး ၂၀၀ ကျော်တို့အား ယနေ့ နံနက်ပိုင်းက (၁၃၈)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးဖယ်ကုန်းဘောင်ကြီးကြော်၊ မုန့်ညင်းချဉ်များကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် နံနက် ၅ နာရီခွဲမှစတင်၍ လောင်းလှူခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်၊ လေးရပ်မှ သံဃာတော်နှင့် သာမဏေများအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**





# သံလျက်မော်အရှေ့ရပ်ကွက် စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊သံလျက်မော်အရှေ့ရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ စတုတ္ထအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်တော်ကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ စတုတ္ထအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်တော်ကို ညောင်ကိုးပင်ကျောင်းတိုက်၌ ရပ်ကွက်နေပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ နဝကမ္မအလှူတော်ငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၃၅,၃၂၄,၅၀၀ သိန်းအား ညောင်ကိုးပင်ကျောင်းတိုက် ဆရာတော်ထံ ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၂)**

*-*-*-*-*

# ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဦးဆောင်သည့် (၁၈)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်တော်သို့ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် Noble Cake ဝန်ထမ်းများက ပဒေသာပင်တစ်ပင်၊မန္တလေးမြို့နေ အလှူရှင် ဦးဖဲဝါ+ဒေါ်ဉ(ရှိရှိပဲမျိုးစုံရောင်းဝယ်ရေး)က ပဒေသာပင်ဆယ်ပင်၊ ရန်ကုန်မြို့နေ အလှူရှင် (မိခင်ကြီး)ဒေါ်စောအောင် Organic Spicy နှင့် Nail Art ဆိုင်များ၏မိသားစုက ပဒေသာပင်ဆယ်ပင်၊ မွန်ပြည်နယ်၊ မုဒုံမြို့နေ အလှူရှင် ဦးထွန်းသိန်း+ဒေါ်သန်းသန်းငွေ မိသားစုက ပဒေသာပင်တစ်ပင်၊ ပြင်ဦးလွင်၊ ပြင်စာနေ ဦးကျော်အောင်+ဒေါ်ချိုချိုမိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးညိုမောင်အား ရည်စူး၍ ဒေါ်တင်ငွေ မိသားစုက ပဒေသာပင် သုံးပင်၊ မန္တလေး၊ မဟာမြိုင်အပိုင်း(၁)နေ အလှူရှင် ဦးထွန်းမောင်မောင်+ဒေါ်နွယ်နီဝင်း မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဦးထွေးအောင်+ ဒေါ်ခင်ထွေးရီ မိသားစုက ပဒေသာပင် တစ်ပင်တို့ကို ယမန်နေ့က ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်သို့ အသီးသီးလှူဒါန်းခဲ့ကြသည်။

လှူဒါန်းကုသိုလ်ပြုလိုပါက ကထိန်ပဒေသာပင် တစ်ကျောင်း တစ်ပင်စာကို ငွေကျပ် တစ်သိန်း တစ်သောင်းဖြင့်လည်းကောင်း၊ မိုးပေါ်ကျတစ်ပါးစာလျှင် ငွေကျပ် ခုနစ်သောင်းဖြင့်လည်းကောင်း၊ ရှင်အပါး ၁၀၀ အတွက် ရှင်တစ်ပါးစာလျှင် ငွေကျပ် ငါးသောင်းဖြင့်လည်းကောင်း၊ ဖုန်း ၀၉-၉၇၅၇၆၄၃၂၃၊ ၀၉-၄၀၂၆၉၂၅၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၉)**



# (၇၇) ကြိမ်မြောက် ဌာနဆိုင်ရာစုပေါင်းဘုံကထိန်လှည့်လည်ပွဲ ကျင်းပ

**လွိုင်လင် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့၌ (၇၇)ကြိမ်မြောက် ဌာနဆိုင်ရာ စုပေါင်းဘုံကထိန် လှည့်လည်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ဌာနဆိုင်ရာစုပေါင်းဘုံကထိန်တွင် ပဒေသာပင် ၂၆ ပင်တို့ကို တပ်နယ်နှင့်တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာ ပဒေသာပင်များကို စုရပ်ဖြစ်သည့် လွိုင်လင်မြို့ သာသနာ့ဗိမာန်မှ မြို့တွင်း မင်းလမ်းမကြီးမှတစ်ဆင့် သုခလမ်း၊ ထိုမှတစ်ဆင့် ဗိုလ်ချုပ်လမ်း၊ ထို့နောက် လွိုင်လင်-နမ့်စန် ပြည်ထောင်စုကားလမ်းမကြီးမှ သာသနာ့ဗိမာန်သို့ ပြန်လည်ဝင်ရောက်ကာ မြို့တွင်းလှည့်လည်ခဲ့ကြသည်။

အဆိုပါ ပဒေသာပင်များကို သာသနာ့ဗိမာန် ဓမ္မာရုံကြီး၌ အောက်တိုဘာလ ၂၅ ရက်တွင် ကျောင်းတိုက်များသို့ မဲနှိုက်ကာ ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ လှူဒါန်းသည့် ပဒေသာပင် ၂၆ ပင်မှာ စုစုပေါင်းလှူဒါန်း ငွေကျပ် သိန်းလေးရာ့ကိုးဆယ်ကျော်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန် လိုအပ်

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




ယာယီနေရပ်စွန့်ခွာလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သီပေါမြို့သို့ ထပ်မံဝင်ရောက်လာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြစဉ်။

## သီပေါမြို့သို့ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်လက်ဝင်ရောက်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ယာယီနေရပ်စွန့်ခွာလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သီပေါမြို့သို့ ထပ်မံဝင်ရောက်လာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၃ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာလေးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## ပရီးမီးယားလိဂ်ပွဲစဉ် (၉)တွင် အာဆင်နယ်၊ ဗီလာ၊ ဘုန်းမောက်၊ ဘန်လေနှင့် ချဲလ်ဆီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် အောက်တိုဘာ ၂၆**

ပရီးမီးယားလိဂ် ပွဲစဉ် (၉) တွင် အာဆင်နယ်၊ ဗီလာ၊ ဘုန်းမောက်၊ ဘန်လေနှင့် စပါးအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

ပွဲစဉ် (၉)အဖြစ် ယနေ့ ညနေ၁ရီခွဲက အာဆင်နယ်အသင်းနှင့် ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက ပဲလေ့စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် အီဇီက သွင်းယူပေးခဲ့သည်။

ထို့အတူ ဗီလာအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင်လည်း ဗီလာအသင်းက မန်စီးတီးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်ပွဲရယူခဲ့သည်။

ဗီလာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် မက်သီကက်ရှ်က သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ဘုန်းမောက်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင်လည်း ဘုန်းမောက်အသင်းက နော်တင်ဟမ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဘန်လေအသင်းနှင့် ဝုဖ်အသင်းတို့ပွဲစဉ်တွင်လည်း ဘန်လေအသင်းက ဝုဖ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီက အဲဗာတန်အသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်တွင်လည်း စပါးအသင်းက အဲဗာတန်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၁၉ မိနစ်၊ (၄၅+၆)မိနစ်တွင် ဗန်နီဗန်၊ ပွဲချိန် ၈၉ မိနစ်တွင် ပါပီဆားတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

(NGB)

## ရောဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၂၅-၂၀၂၆ ခုနှစ် မြန်မာနေ ရှင်နယ်လိဂ်ပွဲစဉ်(၇)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ပုသိမ်မြို့၊ ကျောက်တိုင်ဘောလုံးကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရောဝတီယူနိုက်တက်အသင်းက ရတနာပုံ အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈ မိနစ်တွင် စိုးထက်ဝင်း (OG)က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို လင်းလက်ထွေး (ကျောနံပါတ်-၁၄)က ဆွတ်ခူးရရှိခဲ့သည်။

လင်းလက်ထွေးသည် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို နှစ်ပွဲဆက် ဆွတ်ခူးရရှိနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ခုနှစ် မြန်မာနေ ရှင်နယ်လိဂ်ပွဲစဉ်(၇) အပြီးတွင် ရတနာပုံအသင်းက ရမှတ် ၁၃ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်နေပြီး ရောဝတီယူနိုက်တက်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၇)နေရာတွင် ရပ်တည်ခဲ့သည်။

၂၀၂၅-၂၀၂၆ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၇)အဖြစ် အောက်တိုဘာ ၂၇ ရက် ညနေ ၃ နာရီခွဲတွင် ဒဂုံအသင်းနှင့် မဟာအသင်း၊ ရခိုင်အသင်းနှင့် ဒဂုံပို့အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

